စိတ်ကူးချိုချိုအနုပညာ

# သားသမီးရတနာ

ဒေါ်ရီကြိုန်

တတိယအကြိမ်

mgyoe.com

Photo by Kelly Sikkema on Unsplash

mgyoe.com

# သားသမီးရတနာ

ဒေါ်ရီကြိုင်

ISBN 9789997110657
DYK3
9 789997 110657
1,700.00KS

mgyoe.com

သားသမီးရတနာ၊ ဒေါ်ရီကြိန်
စာမျက်နှာ ၁၀၆ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ အောက်တိုဘာလ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၇၇ ပန်းပေါင်းတစ်ရာစာပေ၏ ဒုတိယအကြိမ်မူ၊

ရောင်းဈေး ၁၇၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# သားသမီးရတနာ

ဒေါ်ရီကြိန်

တတိယအကြိမ်၊ ၂၀၁၁

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


■ နိဒါန်း (က)

၁။ လူ့သဘာဝနှင့် မျိုးရိုး ၁

■ မျိုးရိုး ၂

■ မျိုးရိုးကြောင့်ဖြစ်နိုင်သော အခြင်းအရာများ ၄

■ မျိုးရိုးကြောင့်ဖြစ်နိုင်ရန် အကြောင်းအလွန်နည်းပါးသောအခြင်းအရာများ ၄

■ မျိုးရိုးကြောင့် လုံးဝမဖြစ်နိုင်သောအခြင်းအရာများ ၅

၂။ လူနှင့်ပတ်ဝန်းကျင် ၈

၃။ မိဘနှင့် မွေးစကလေး ၁၄

၄။ အကျင့်ကောင်းပြုစုပျိုးထောင်ခြင်း ၂၁

၅။ အယုယလွန်ခြင်း၏အပြစ်များ ၂၆

၆။ လျစ်လျူရှုထားလွန်းခြင်း ၂၉

၇။ မိဘအမျိုးအစား ၃၃

၈။ မိဘတို့ကျူးလွန်တတ်သော အမှားများ ၄၀

■ ကလေးငယ်များကို လူကြီးကဲ့သို့သဘောထားဆက်ဆံခြင်း ၄၀

■ အလွန်အကြူးရိုက်နှက်ခြင်း ၄၂

■ အဖြစ်သည်းလွန်းခြင်း ၄၃

■ ခေတ်ဆန်သောမိဘ ၄၅

■ ခေတ်ဆန်လွန်းခြင်း ၄၅

■ မချစ်တတ်ခြင်း ၄၆


mgyoe.com

mgyoe.com


၉။ စိတ်ဓာတ်ရေး ၄၉

■ အစာအာဟာရနှင့် စိတ်ဓာတ် ၄၉

■ ကျန်းမာရေးနှင့် စိတ်ဓာတ်ကြံ့ခိုင်ရေး ၅၁

■ ကြောက်စိတ်ကုစားနည်း ၅၅

■ ရှက်ကြောက်စိတ် လွန်ကဲခြင်း ၅၉

■ အတိအကျ ညွှန်ကြားချက်များ ၆၃

■ ခိုးတတ်ခြင်းနှင့် မုသားပြောတတ်ခြင်း ၆၆

■ မိဘစကား နားထောင်ခြင်း ၆၉

■ ကစားခုန်စားပြုလုပ်ခြင်း ၇၂

■ ကစားဖော်များ ၇၄

၁၀။ မြီးကောင်ပေါက်အရွယ် ၇၇

■ ဆင်ယင်ထုံးဖွဲ့မှု ၈၃

■ လုလင်ပျိုတို့ ဝတ်စားဆင်ယင်မှု ၈၅

■ အချစ်ကိစ္စ ၈၈

■ ပေါ်ပေါက်တတ်သော ပြဿနာများ ၉၁

■ ရင်မဖွင့်ရသော အမျိုးသမီးတစ်ဦး ၉၁

■ မကိုမုန်းသော မိဘ ၉၃

■ အရွဲ့တိုက်သော အမျိုးသားနှစ်ဦး ၉၅

■ မပွင့်လင်း၍ ခံစားရသောဒုက္ခ ၉၆

■ အစိုးရိမ်ကြီးသော မိခင် ၁၀၁

■ တွေးသင့်သော ပြဿနာများ ၁၀၃




mgyoe.com

mgyoe.com

# နိဒါန်း

လူ့ဘုံလောကကြီးကို လူတို့ဖြင့်သာ တည်ဆောက်ထားရကား လူတွေကောင်းမှ ဤဘုံကြီးသည် နေပျော်ဖွယ်ရာ ဖြစ်ပေမည်။ ကိုယ့်အုပ်စုနှင့်ကိုယ် တိုင်း၊ နိုင်ငံ တည်ထောင်နေကြရာ၌ ထိုနိုင်ငံ၏ အင်အားတောင့်တင်းမှု၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးဖွံ့ဖြိုးမှု စသည်တို့တွင်လည်း လူသာလျှင် အဓိကဖြစ်ပေသည်။ နိုင်ငံတိုးတက်သည်ဆိုရာတွင်လည်း ထိုနိုင်ငံရှိလူတွေ တိုးတက်သည်ဟု ဆိုလိုခြင်းပင်ဖြစ်၏။

နိုင်ငံတစ်နိုင်ငံကို အဓွန့်ရှည်ကြာ တည်မြဲအောင် ထိန်းသိမ်းသွားရာ၌ လက်ရှိ ထိန်းသိမ်းနေကြကုန်သော လူအို၊ လူဟောင်းတို့ အိုမင်းရင့်ရော် ကွယ်လွန်သည့်အခါ လူငယ်၊ လူသစ်များက နေရာယူကြရသည်။ ထိုလူငယ်၊ လူသစ်များကို တာဝန်ထမ်းဆောင်နိုင်ရန် လက်ရှိ အသက်ရှင်နေသူတွေက ပြုစုပျိုးထောင်ပြသသင်ကြားကြရ၏။ လက်ရှိလူများသည် ဆိုးကောင်းနှစ်တန် ဝေဖန်ပိုင်းခြားတတ်သော အရည်အချင်းမရှိပါက လူမျိုး၏အရည်အသွေး၊ အစွမ်းအစ၊ အမျိုးအစားသည် တစ်စတစ်စ နိမ့်ကျသွားပေမည်။

လက်ရှိလူတို့က အခြေခံခိုင်ခံ့မှန်ကန်သော အတွေးအခေါ်တို့ ပြုစုပျိုးထောင်ပေးနိုင်ပါက နောင်တွင်ထွန်းကားလာမည့် လူငယ်တို့သည် ခေတ်၏တိုးတက်နေသော အယူအဆ နိဿယတို့နှင့် နိုင်ငံတိုးတက်ရေးကို ကြံဆတီထွင် ဆောင်ရွက်နိုင်ကြပေမည်။

mgyoe.com

mgyoe.com

တရားမျှတသော လူ့ဘောင်တည်ဆောက်ရာတွင် အောက်ပါတာဝန်များ ပါရှိပေသည်။

(၁) လူတို့၏သဘောသဘာဝကို ဆင်ခြင်သုံးသပ်ခြင်း။

(၂) လူ့သဘာဝ၏ ဆိုးသောလက္ခဏာများကို ပယ်ရှားခြင်း။

(၃) လူ့သဘာဝ၏ ကောင်းသောလက္ခဏာများကို ဖော်ဆောင်ပျိုးထောင်ပေးခြင်း။

(၄) ကောင်းသောလက္ခဏာများကို ဖော်ဆောင် ပျိုးထောင်ပေးနိုင်အပ်သော အတွေးအခေါ်နှင့် လုပ်ငန်းများကိုသာ တွေးခေါ်မြော်မြင်၍ လုပ်ကိုင်ဆောင်ရွက်ခြင်း။

ဤတာဝန်များကို သေချာစေ့စပ်စွာ လေ့လာပြီး ဆင်ခြင်ပါလျှင် ရက်ပိုင်း၊ လပိုင်း၊ နှစ်ပိုင်းဖြင့် ကန့်သတ်ဆောင်ရွက်၍ ပြီးမြောက်အောင်မြင်နိုင်မည့် ကိစ္စများမဟုတ်ချေ။ သတိရ၊ စိတ်ပါလာချိန်မှ ကောက်ကာငင်ကာ ဆောင်ရွက်ပြီး ပွဲပြီးမီးသေ ထားရမည့်ကိစ္စများလည်းမဟုတ်။ မိဘ၊ ဆရာသမား၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းတို့က အခါခပ်သိမ်း လေ့လာပြီး သိပ္ပံနည်းကျကျ စေ့စေ့ငငဆောင်ရွက်ရမည့် ကိစ္စများ ဖြစ်ပေသည်။

လူတွေဟာ သူ့ကံနှင့်သူ၊ သူ့သန္တေနှင့်သူဖြစ်လာသည် ဟူသော အစွဲအလမ်းများကို ဖျောက်ဖျက်ပြီး သိပ္ပံနည်းနှင့် သဘာဝကို လေ့လာသုံးသပ်ပြုစုပျိုးထောင်ရန် လိုအပ်လာလေပြီ။ ယနေ့အထိ မြန်မာနိုင်ငံတွင် မြန်မာမိဘ၊ ဆရာ၊ ပတ်ဝန်းကျင်အသိုက်အဝန်းတို့အား လူကို ပြုစုပျိုးထောင်ရာတွင် သိပ္ပံနည်းကျကျသိရှိရန် ညွှန်ပြသော အခြေခံသိမှတ်စရာများ မြန်မာလိုရေးသားထားသည်မှာ မရှိသလောက်ပင် ဖြစ်၍ ဤကျမ်းငယ်ကို မိဘ၊ ဆရာ၊ ပတ်ဝန်းကျင်အသိုက်

mgyoe.com

mgyoe.com



အဝန်းတို့အတွက် အထောက်အကူဖြစ်စေခြင်းငှာ ရေးသား လိုက်ရပေသည်။

ခန္ဓာကိုယ် ကျန်းမာသန်စွမ်းကြီးထွားရေးအတွက် ကျန်း မာရေး၊ ဆေးကုသရေးတို့တွင် စာအုပ်စာတမ်း၊ လက်တွေ့ ဟောပြောကုသမှု၊ ပညာပေးမှုများ တွင်ကျယ်စွာ အစိုးရ အနေဖြင့် လုပ်နိုင်သော်လည်း စိတ်ဓာတ်ရေး၊ စာရိတ္တရေး၊ အသက်မွေးဝမ်းကျောင်းအတွက် လမ်းညွှန်ပြသရေးတို့မှာ အမိဝမ်းတွင်းမှ ကျွတ်သည်ကစ၍ မိဘ၊ ဆရာ၊ ပတ်ဝန်း ကျင်ကသာ လက်ပွန်းတတီး ဆောင်ရွက်နိုင်မည့်ကိစ္စများ ဖြစ်ရကား မိဘများ၊ ကလေးသူငယ်များကို ထိန်းကျောင်း နေရသော ဆရာသမား ဆွေမျိုးများ ဖတ်၊ မှတ်၊ လေ့လာ စမ်းသပ်နိုင်ရေးအတွက် အလွယ်ကူဆုံးစကားလုံးတို့ဖြင့် ရွေးချယ်ရေးသားထားပါသည်။

ဤစာအုပ်ကို ရေးသားရာတွင် ကလေးစိတ်ဓာတ်ဖွံ့ဖြိုး ရေးအတွက် သုတေသနပြုလုပ်ထားကြသော သိပ္ပံဆရာကြီး များ၏ ဖော်ပြချက်များနှင့် ဘဝတွင် နေ့စဉ်ကြုံတွေ့နေရ သော အဖြစ်အပျက်တို့ကို ပေါင်းစပ်၍ နှိုင်းယှဉ်ရေးထား ပါသည်။ သိပ္ပံနည်းအရ သုံးစွဲသောစကားတို့ကိုမူ ချန်လှပ် ထားခဲ့ပါသည်။ ဤသို့ချန်လှပ်ထားရခြင်းအကြောင်း ရင်းမှာ မြန်မာစာ ရေးတတ်ဖတ်တတ်ရုံမျှရှိသော မိခင်ဖခင်များပါ အလွယ်တကူ ဖတ်ရှုနိုင်စေရန် ရည်သန်ထားခြင်းကြောင့် ဖြစ်ပါသည်။

သားသမီးများသည် မြန်မာ့အစဉ်အလာအရ ရတနာ ခုနစ်ပါးတွင် တစ်ပါးအပါအဝင် ဖြစ်ပေသည်။ ထိုရတနာ များ နွံမှာနစ်၍ မညစ်စေရာ။ ကျောက်ရိုင်းအဖြစ်နှင့် နွံတွင် နစ်ကာ အလဟဿလည်း မဖြစ်စေရာ။ အရောင်ထွက်၍ အသွေးတက်လာစေရန် အဆစ်အကွက် ကျကျနနသွေး၍ အရောင်တင်ပြီး အဖိုးမဖြတ်နိုင်သော ရတနာများဘဝသို့ ရောက်အောင် ချီးမြှောက်မြှင့်တင်နိုင်ကြပါစေ။ ။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# [ ၁ ] လူ့သဘာဝနှင့် မျိုးရိုး

လူဆိုသူကား အဘယ်နည်းဟု မေးအံ့။ သာမန်အားဖြင့် ဖော်ပြပါအံ့။ သက်ရှင်လှုပ်ရှား စားသောက်နေထိုင်ရေးအတွက် ဘာသာဘာဝလှုပ်ရှားဆောင်ရွက်နိုင်သော အင်္ဂါ အစိတ်အပိုင်းတို့ဖြင့် စုပေါင်းလှုပ်ရှားနေသော သတ္တဝါတစ်မျိုးဖြစ်သည်။ ထိုသတ္တဝါသည် အခြားအခြားသော သတ္တဝါများနှင့်မတူ၊ ဉာဏ်ပညာ အလွန်ထက်မြက်သည်ဟုလည်း ဆိုနိုင်သေး၏။

လူဘယ်လိုဖြစ်လာသနည်းဟု ထပ်ဆင့်မေးအံ့။ ဤသို့ဖြေပါမည်။

ရှေးခေတ်က စိုက်ပျိုးရေးသမားသော်လည်းကောင်း၊ မျက်မှောက်ခေတ် ခေတ်မီသိပ္ပံနည်းအရ စိုက်ပျိုးနေသော ရုက္ခဗေဒပါရဂူကိုသော်လည်းကောင်း သာမန်အားဖြင့် သစ်ပင်ဘယ်လိုပေါက်လာသနည်းဟုမေးလျှင် မျိုးစေ့ကို မြေမှာချစိုက်၍ ပေါက်လာသည်ဟု တစ်ညီတည်းဖြေလိမ့်မည်။ မြေလည်းကောင်း၊ မျိုးစေ့လည်း မျိုးကောင်းမျိုးသန့်ဖြစ်ပါက အပင်သည် သီးနှံကောင်းထွက်မည်။ မျိုးစေ့ကောင်းပါလျက် မြေမကောင်းပါက မဖြစ်ထွန်း။ မြေကောင်းပါလျက် မျိုးစေ့မသန့်လျှင်လည်း ပျက်စီးသည်ဟူ၍လည်း သူတို့ ဖြည့်စွက် ဖြေပေလိမ့်မည်။

ထိုနည်းတူစွာပင် လူသည် မျိုးစေ့တည်းဟူသော မျိုးရိုးနှင့် မြေနှင့်တူသော ပတ်ဝန်းကျင်နှစ်ခုတွင် ကြီးပြင်းလာရသည်။ မျိုးရိုးကောင်းပါလျက် ပတ်ဝန်းကျင်မကောင်းလျှင်လည်း လူကောင်းဖြစ်မလာနိုင်၊ ပတ်ဝန်းကျင်ကောင်းစေကာမူ မျိုးရိုးမမှန်လျှင်လည်း လူတော်လူကောင်း မဖြစ်နိုင်တော့ပေ။

လူတစ်ယောက်၏အခြေအနေသည် မျိုးရိုး၊ ပတ်ဝန်းကျင်နှင့် အချိန်ကာလတို့၏ မြှောက်၍ရသော အဖြေဖြစ်၏။

mgyoe.com

ရှင်းပြပေအံ့။ ဂဏန်းသင်္ချာသင်ပြီးသူတိုင်း အပေါင်း၊ အနုတ်၊ အမြှောက်၊ အစား ကိုတော့ တတ်ကြပေလိမ့်မည်။ အပေါင်း၏သဘောမှာ မူလကိန်း တစ်ကိန်းက သုည ဖြစ်သော်လည်း ထိုကိန်းကို ၂ နှင့်ပေါင်းလျှင် ၂ ဖြစ်လာ၏။ ၅ နှင့်ပေါင်းလျှင် ၅ ဖြစ်လာ၏။ (၀+၅=၅) အမြှောက်သဘောကား ထိုသို့မဟုတ်။ သုညကို ၂ နှင့်မြှောက်လျှင်လည်း အဖြေမှာ သုညသာဖြစ်၏။ ဘယ်လောက်ကြီးသော ကိန်းနှင့်မြှောက်စေကာမူ အဖြေမှာ သုညသာဖြစ်ပေမည်။ ကိန်းနှင့်ချရေးပါက (၀× ၉× ၂=၀) ဤသို့ပင် ဖြစ်ပေမည်။

လူ၏စိတ်အခြေအနေ၊ ရုပ်အခြေအနေတို့သည် မျိုးရိုးနှင့် ပတ်ဝန်းကျင်မြှောက် ရကိန်းဖြစ်ရကား မျိုးရိုးက သုညဖြစ်နေပါမူ ပတ်ဝန်းကျင်က ဘယ်လိုကိန်းနှင့်မြှောက် မြှောက် သုညပင်ဖြစ်မည်။ မျိုးရိုးက တန်ဖိုးမဖြတ်နိုင်သော ကိန်းကြီးပင်ဖြစ်ပါစေ၊ ပတ်ဝန်းကျင်က သုညဖြစ်လျှင် ဖိုးသုညပင် ဖြစ်နေဦးမည်။ အချိန်ကလည်း ရှိသေး၏။ မည်သည့်ပတ်ဝန်းကျင်မျိုးနှင့် ပြုစုပျိုးထောင်သည်ဖြစ်စေ အချိန်ကာလတိုတောင်းလျှင် တိုတောင်းသလောက်သာ အကျိုးအပြစ်ထင်ရှားမည်။ အချိန်ကြာလေလေ အမြစ်စွဲလေ လေဖြစ်မည်။ ထို့ကြောင့် လူတစ်ယောက်၏ လက်ရှိဖြစ်ပေါ်နေသောအခြေသည် မျိုးရိုး၊ ပတ်ဝန်းကျင်နှင့် အချိန်ကာလတို့ မြှောက်ရကိန်းဖြစ်၏ဟု ဆိုပါသည်။

## မျိုးရိုး

မျိုးရိုးသည် လူတစ်ယောက်၏ ဘဝဇာတ်လမ်းဒါရိုက်တာဟု ခေါ်ဆိုရမည်။ ကိုယ်နှင့်သက်ဆိုင်ရာ ကိုယ်ပါသည့်အခန်းတွင် ဝင်၍ ကပြသရုပ်ဆောင်ပြီး ထွက်သွားနိုင်၊ ဖယ်ရှားနေနိုင်သည့် ဇာတ်လိုက်နေရာကို မျိုးရိုးကမယူနိုင်။ သူသည် ဘဝအစ ပဋိသန္ဓေနေသည်မှ ဘဝနိဂုံးချုပ်သည်အထိ ဘယ်လိုသရုပ်ဆောင်ရမည်ကို နည်းပေးနေသည့် ဒါရိုက်တာဖြစ်၏။ ဇာတ်လိုက်ဇာတ်ဆောင်က မည်မျှတော်နေစေကာမူ ဒါရိုက်တာ၏ လှုံ့ဆော်စေခိုင်းမှုညံ့လျှင် တစ်ဇာတ်ကားလုံး ပစ်ရမည်သာဖြစ်သည်။

အမိဝမ်းမှ မကျွတ်မချင်း ကလေးသည် တုပသင်ယူလေ့လာခွင့်မရှိ။ အမိဝမ်းမှ ကျွတ်လျှင် ပတ်ဝန်းကျင်ကို အားလုံးလေ့လာနိုင်ပြီလောဟု မေးစရာရှိ၏။ အားလုံး မလေ့လာနိုင်ပါ။ ခန္ဓာကိုယ်အစိတ်အပိုင်း၊ အာရုံကြော၊ ဦးနှောက်စသည်တို့သည် အရွယ်နှင့်အရွယ်လိုက်ပြီး လှုံ့ဆော်မှုကို တုံ့ပြန်တတ်သည်။ ကြီးပွားဖွံ့ဖြိုးမှုအခြေအနေ အရသာ မှတ်သားလေ့လာနိုင်ခြင်းကြောင့် တဖြည်းဖြည်းသာ တိုး၍တိုး၍ မှတ်သား တုပနိုင်လေသည်။ မျိုးရိုးဇာတိက ပါလာသော အရည်အချင်းလက္ခဏာတို့သည်လည်း မွေးဖွားလာသည်နှင့်တစ်ပြိုင်နက် ပေါ်ပေါက်လာသည်မဟုတ်ဘဲ ခန္ဓာကိုယ်နှင့် ဉာဏ်

mgyoe.com

c o m
အရည်အချင်း ဖွံ့ဖြိုးတိုးတက်လာ၍ လှုပ်ရှားသွားလာ လုပ်ကိုင်ပြောဆိုလာနိုင်သည်နှင့် အမျှ တဖြည်းဖြည်းသာ ပေါ်ပေါက်လာတတ်သည်။

မည်သည့်အခြင်းအရာများသည် မျိုးရိုးလိုက်တတ်ပါသနည်းဟု မေးရန်ရှိပေသည်။ ခန္ဓာကိုယ်၊ ရုပ်နှင့်ဆိုင်သော သွင်ပြင်များတွင် မျိုးရိုးလိုက်တတ်ပုံကိစ္စမှာ ပါဏဗေဒ ပါရဂူများ၊ သက်ရှိသတ္တဝါများအကြောင်း သုတေသနလုပ်ရှာဖွေသော သိပ္ပံဆရာများ နှင့်သာ သက်ဆိုင်၍ ဤကျမ်းတွင် မဖော်ပြတော့ပါ။ သို့သော် သိပ္ပံဆရာများ အခြေခံ မှုအဖြစ်ဖော်ပြချက်အရ လူသည် မိမိဘဝတစ်သက်တာတွင် မိမိဆန္ဒအလျောက် လေ့လာ သင်ယူတတ်မြောက်သမျှသည် သားသမီးသို့ ဆက်လက်၍ မျိုးရိုးမလိုက်နိုင်။ မျိုးဆက် ပြန့်ပွားစေသော အင်္ဂါစုနှင့် မသက်ဆိုင်သည့် အခြားအင်္ဂါစု ပြောင်းလဲမှုတို့သည်လည်း မျိုးရိုးအဆက် ပါမသွားနိုင်ဟု မှတ်သားရသည်။

ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးသည် သူ့ဝမ်းတွင်းရှိ ကလေးငယ်မွေးဖွား၍ ကြီးပြင်းလာသည့်အခါ စာပေအနုပညာတွင် ထူးချွန်သူတစ်ယောက် ဖြစ်စေချင်လှသဖြင့် ကိုယ်ဝန်ရှိစဉ်တွင် စာပေဟောပြောပွဲများ သွားရောက်နားထောင်ခြင်း၊ တူရိယာ ဂီတ မှန်သမျှ နားထောင်ခြင်း၊ ကပွဲများ၊ ဇာတ်ပွဲများ၊ အငြိမ့်ပွဲများကြည့်ခြင်းပြုသည်ကို တွေ့ဖူး သည်။ အခြားတစ်ယောက်ကမူ သူ့မျိုးရိုးအလိုက် လက်တွင် ရှိရိုးရှိစဉ် ငါးချောင်း မဟုတ်ဘဲ လက်ပွားကလေးများ ပါလာသည်ကို သူ့သားသမီး မျိုးဆက်မလိုက်စေရန် ဟူသော ရည်ရွယ်ချက်ဖြင့် ဖြတ်ပစ်သော်လည်း သားတွင်လည်း လက်ပွားပါလာသည်ကို တွေ့ရပေသည်။ ထိုအယူအဆများမှာ မမှန်ကန်ပေ။

ဤကိစ္စမျိုးကား သုတေသနပြုလုပ်ရန် အများကြီး လိုနေပေသေးသည်။ ဥရောပ တိုက်ရှိ ပညာရှင်များကား သုတေသနပြုဆဲပင် ဖြစ်ပေသည်။

မျိုးရိုးကိုဖော်ပြရာ၌ မိဘချင်းတူလျှင် ကလေး၏အရည်အချင်း တူရမည်ဟူ၍ မမှတ်စေလို။ မိဘချင်းတူသော်လည်း တစ်ဦးနှင့်တစ်ဦး ရုပ်ရည်ချင်း၊ စိတ်နေသဘော ထားချင်း၊ စွမ်းရည်သတ္တိ၊ ဉာဏ်အမြော်အမြင်ချင်း မတူညီကြသော မောင်နှမများရှိကြ ၏။ ထို့အတူပင် အဖေနှင့်တူသူ၊ အမေနှင့်တူသူ၊ အဖေနှင့်အမေ စပ်တူသူ၊ အဖေ အမေနှင့် လုံးဝမတူသူများ အမျိုးမျိုးတွေ့ဖူးကြပေလိမ့်မည်။

ထိုသို့ အဘယ်ကြောင့် ဖြစ်ရသနည်း။ ဦးဖြူသည် ဒေါ်ညိုနှင့် အိမ်ထောင်ဖက်၍ သားသမီးလေးယောက် ထွန်းကားသည်ဆိုကြပါစို့။ အမှန်စင်စစ် ဦးဖြူ ဒေါ်ညိုတို့၏ သားသမီးများတွင် ဦးဖြူ၏မျိုးစေ့တစ်ဝက် ဒေါ်ညို၏မျိုးစေ့ တစ်ဝက်ပါပေမည်။ သို့သော် ဒေါ်ညို၏တစ်ဝက်သောမျိုးစေ့တွင် ဒေါ်ညို၏အမိအဘမျိုးစေ့များပါသလို ဦးဖြူ၏
mgoe.com

မျိုးစေ့တွင် ဦးဖြူ၏ အမိအဘမျိုးစေ့များလည်း ပါလေသည်။ ထို့ကြောင့် ဦးဖြူနှင့်ဒေါ်ညို က ပေါက်ဖွားသော သားသမီးများတွင် အချို့သည် ဦးဖြူ ဒေါ်ညိုနှင့် မတူသော အဘွား တစ်ဦးဦး၊ အဘိုးတစ်ဦးဦး သို့မဟုတ် တစ်ဦး၏ခြင်းရာသွင်ပြင် အနည်းငယ်စီဖြစ်ဖြစ် ပါလာနိုင်သဖြင့် ကလေးတို့ တစ်ဦးနှင့်တစ်ဦး မတူခြင်း၊ မိဘနှင့်မတူခြင်း စသည်များ ဖြစ်ရသည်။

ထို့ကြောင့် မိရောဘရော လှ၍ ကလေးလှရမည်။ မိရောဘရော ဉာဏ်ပညာထက် မြက်၍ ကလေးထက်မြက်ရမည်ဟု လှေနံဓားထစ် မမှတ်ယူရာ။

ဤကိစ္စမျိုးမှာ ရုပ်ပိုင်းရော စိတ်ပိုင်းပါ ဖြစ်တတ်သော သဘောရှိလေသည်။ သို့ သော် နေရာတကာတိုင်း မျိုးရိုးမလိုက်နိုင်။ မည်သည့်ကိစ္စမျိုးတွင် မျိုးရိုးလိုက်သည်ကို ရှေ့တွင်ဖော်ပြမည်။

စိတ္တဗေဒဆိုင်ရာ သိပ္ပံပညာသည် (Amram Scheinfeld)၏ ရှာဖွေလေ့လာချက်ကို အောက်တွင် ဖော်ပြလိုက်သည်။

## မျိုးရိုးကြောင့်ဖြစ်နိုင်သော အခြင်းအရာများ

ဉာဏ်စွမ်း ဉာဏ်စ တုံ့ပြန်ဆောင်ရွက်ပုံ၏ အနှေးအမြန်နှုန်း လှုပ်ရှားဆောင်ရွက် သည့် ကိစ္စများ၌ ကျွမ်းကျင်မှုရှိမရှိ အာရုံအမျိုးမျိုးခွဲခြားသိမှု

ဉာဏ်စွမ်း ဉာဏ်စ ဆိုသည်မှာ ကလေး၏ ဉာဏ်ကောင်းခြင်း၊ ဉာဏ်ထုံထိုင်းခြင်း ကို ဆိုလိုပေသည်။ တုံ့ပြန်ဆောင်ရွက်မှုဆိုသည်မှာ တစ်စုံတစ်ခု ပြဿနာပေါ်၍ ဖြေရှင်းပြုလုပ်ရာတွင် တခ်နုပ္ပတ္တိဉာဏ်ခေါ် လျှပ်တစ်ပြက်အတွင်းလောက် လျင်မြန် ဖျတ်လတ်စွာ ဆုံးဖြတ်တတ်သော အစွမ်းအစမျိုးကို ဆိုလိုသည်။

လှုပ်ရှားဆောင်ရွက်မှု၌ ကျွမ်းကျင်မှုဆိုသည်မှာ လက်နှင့်လုပ်ရသည်ဖြစ်စေ၊ ဉာဏ် နှင့် လုပ်ရသည်ဖြစ်စေ၊ ဉာဏ်ထုတ်လုပ်ရသော ကိစ္စများ၌ သေသေသပ်သပ်၊ ကျွမ်း ကျွမ်းကျင်ကျင်၊ လိမ်လိမ်မာမာ၊ ပိပိရိရိ လုပ်တတ်မှုကို ဆိုပေသည်။ ယင်းကိစ္စမျိုးတွင် အရည်အချင်းရှိမှု မရှိမှုမှာ မျိုးရိုးကြောင့်ဟု သတ္တချနိုင်စရာ အကြောင်းရှိပေသည်။

## မျိုးရိုးကြောင့်ဖြစ်နိုင်ရန် အကြောင်းအလွန်နည်းပါးသောအခြင်းအရာများ

စိတ်လှုပ်ရှားမှု။

စိတ်နေစိတ်ထား၊ ပြောင်းလဲလွယ်ခြင်း၊ သို့မဟုတ် ခိုင်မာတည်တံ့ခြင်း၊ ဖျတ်လတ် ခြင်း၊ နှေးကွေးခြင်းစသော အမူအရာများ။

mgyoe.com

mgyo.com

ထိုကိစ္စများသည် သွေးကျိတ်တို့ အခြေအနေကြောင့် ဖြစ်ပေါ်တတ်သဖြင့် မျိုးရိုးနှင့် မသက်ဆိုင်ဟု ဆိုရပေမည်။

## မျိုးရိုးကြောင့် လုံးဝမဖြစ်နိုင်သောအခြင်းအရာများ

လူ၏ အတွေးအခေါ်၊ အယူအဆ၊ ပြုမူပြောဆိုမှု၊ ဟန်ပန်ယုံကြည်ချက်များ၊ တန်ဖိုးထားချက်များ။

လူတစ်ကိုယ် ထင်တစ်လုံး၊ လူချင်းတူသော်လည်း အသက်ရှုချင်း ကွဲသည်ဆိုသော အသုံးအနှုန်းများကဲ့သို့ပင် လူတို့တွင်တွေးခေါ်ယူဆချက် အမျိုးမျိုး၊ ဟန်ပန်လေသံ အမျိုးမျိုးရှိကြရာ အထက်ဖော်ပြပါ လူတစ်ဦး၏ အတွေးအခေါ်၊ အယူအဆ၊ ပြုမူလှုပ်ရှားသော ဟန်ပန်၊ ယုံကြည်ချက်နှင့် တန်ဖိုးထားချက်တို့မှာ ဘိုးဘွားတို့မှ ဆင်းသက်သော မျိုးရိုးနှင့် လုံးဝမသက်ဆိုင်ဟု ဆိုရပေမည်။

လူတို့၏ သဘာဝ စိတ်ဆန္ဒများတွင်လည်း မျိုးရိုးလိုက်မှု ရှိမရှိ သိပ္ပံဆရာများ လေ့လာတွေးတော ကြံဆဆဲပင် ဖြစ်ပေသည်။ တစ်စုက မျိုးရိုးမလိုက်နိုင်ဟု ယူဆ၏။ အခြားတစ်စုကမူ မျိုးရိုးလိုက်နိုင်စရာ အကြောင်းရှိသည်ဟု ယုံကြည်ကြ၏။ ထိုကိစ္စမှာ သိပ္ပံပညာထွန်းကားစသာ ရှိသေးသော နိုင်ငံတစ်ခုအတွက် ဆွေးနွေးလျှင် ရှုပ်ထွေးလာဖို့ရှိ၍ ဤနေရာတွင် ဆွေးနွေးခြင်းမပြုလိုပါ။ သို့သော် လူတို့တွင် ပဋိသန္ဓေကပါလာသည့် စိတ်ဆန္ဒကလေးများရှိလေသည်။ ထိုဆန္ဒတို့သည် တစ်ပြိုင်နက်ပေါ်လွင်လာသည် မဟုတ်ပေ။ ခန္ဓာကိုယ်တွင်းက လှုံ့ဆော်ပေးနိုင်သော အင်္ဂါစု၊ အရိုး၊ အာရုံကြော၊ ကြွက်သား၊ သွေးကျိတ် စသည့် သက်ဆိုင်ရာတို့ အချိန်နှင့် အချိန်ကြီးထွားဖွံ့ဖြိုးလာမှ အကောင်အထည်ပေါ်လာသည့်ကိစ္စများဖြစ်သည်။

သို့သော် လူတို့လှုပ်ရှားလုပ်ကိုင်ဆောင်ရွက်မှုမှာ ခန္ဓာကိုယ်၏ အင်္ဂါအစိတ်အပိုင်း၊ အကြော၊ အရိုး၊ ကြွက်သားတို့ ဖွံ့ဖြိုးမှုအပေါ်မှာ လုံးလုံးလျားလျား မှီခိုနေရသည်တော့ မဟုတ်ပါ။ အရေးပါသည့် အစိတ်အပိုင်းက ဆောင်ရွက်သည်ဟု ဖော်ပြရခြင်း ဖြစ်ပေသည်။ လူတစ်ဦး၏ ဆောင်ရွက်မှုသည် မိမိစိတ်ဆန္ဒနှင့် အလေ့အကျင့် ဒွန်တွဲ ဖြစ်ပေါ်လာ၏။ ထိုဆောင်ရွက်မှုကို စွမ်းဆောင်ရသော အင်္ဂါအစိတ်အပိုင်းတို့ အင်အားရှိသမျှသာ အစွမ်းပြနိုင်သည်ဟုဆိုက ပိုမိုမှန်ကန်လေသည်။

ရှင်းလင်းအောင် ဥပမာပြဆိုပေအံ့။ ကလေးတစ်ယောက်သည် ဘောလုံးကန်ဝါသနာပါ၏။ သူသည် ဘောလုံးကို ကန်နိုင်လောက်အောင် ခြေလက်အင်္ဂါ သန်မာထွားကျိုင်းလာမှ ထိထိရောက်ရောက် ကန်ပြနိုင်မည်။ ထို့ထက် သင်ပြနည်းပေးသူ၏ နည်းနိဿယ

mgyo.com

ကို ခံယူပြီးမှသာ ပိုမိုကျွမ်းကျင်စွာ ကစားနိုင်မည်။ ဘောလုံးကစားနိုင်ရန်အတွက် ကာယအင်္ဂါ ကြံ့ခိုင်ဖွံ့ဖြိုးမှုသည် အထူးအရေးကြီးပေသည်။ သို့သော် စာရေးစာဖတ်ကိစ္စများအတွက်မူကား ကိုယ်ကာယဖွံ့ဖြိုးမှုထက် ကျက်မှတ်သင်အံလေ့လာမှုက အရေးကြီးသည်ဟု ဆိုရပေမည်။ ထိုထက်ပိုမို၍ သိစရာများရှိသေး၍ အောက်ပါစမ်းသပ်ချက်များကို ဆက်လက်၍ ဖော်ပြပါဦးမည်။

သိပ္ပံပညာသည်တစ်ဦးသည် အသက်နှစ်နှစ်မှ သုံးနှစ်အထိ ကလေးများကို နှစ်စုခွဲပြီး တစ်စုစီလေ့လာခဲ့ပေသည်။ ပထမတစ်စုမှ ကလေးများကို အခန်းတစ်ခုတွင် နေ့စဉ် နှစ်နာရီ၊ သုံးနာရီခန့် ကစားစေ၏။ သူတို့ ကစားခန်းတွင် ၂ ပေခွဲမျှမြင့်သော လှေကားတပ်ထားသည့် စားပွဲကြီးတစ်ခုပေါ်၌ ကလေးများလိုချင်စရာ လှပသော ပူဖောင်း၊ အရုပ်၊ ခေါင်းလောင်း၊ ဆည်းလည်းစသည်များ တင်ထားသည်။ နှစ်ခါလည်ကျော် ကလေးများသည် အရုပ်ကလေးများ၊ ကစားစရာကလေးများကို လိုချင်၍ တပ်ဆင်ပေးထားသော လှေကားကလေးကို စမ်းသပ်တက်ကြရင်းနှင့်ပင် လှေကားတက်အလေ့အကျင့်ရသွားကြ၏။ ထိုသို့ သုံးလတိုင်တိုင် ကစားစေခဲ့လေသည်။

အခြားသက်တူရွယ်မျှ ကလေးတစ်စုကိုကား လှေကားမပါဘဲ ပြေးလွှားကစားနိုင်သည့် အခန်းကျယ်တစ်ခုတွင်သာ ထားခဲ့လေသည်။ သုံးလစေ့သောအခါ လှေကားတက်ခွင့်မရခဲ့သော ကလေးများကို လှေကားရှိရာ ကစားခန်းထဲသို့ လွှတ်ပေးလိုက်လေသည်။ နောက်ထပ် ရက်သတ္တပတ် တစ်ပတ်အတွင်းပင် ဒုတိယအုပ်စုမှ ကလေးများသည် ပထမအုပ်စုမှ ကလေးများကဲ့သို့ပင် ၂ ပေခွဲလှေကားကို ကျွမ်းကျင်စွာ တက်နိုင်ဆင်းနိုင်နေပြီကို တွေ့ရလေသည်။

ဤလက်တွေ့စမ်းသပ်မှုများမှ ရရှိသော အဖြေကား ကိုယ်လက်အင်္ဂါ ဖွံ့ဖြိုးချိန်တွင် သာမန်အချိန်တိုကလေးတွင် အလေ့အကျင့် ပေးလိုက်ရုံဖြင့် အချိန်မတန်သေးမီက ကြိုတင်လေ့ကျင့်ပေးသလိုပင် ပြည့်စုံကုံလုံအောင် တတ်မြောက်နိုင်သည် ဟူသော အချက်ပင်ဖြစ်ပေသည်။ ဖွံ့ဖြိုးမှုသည် အသက်အလိုက်အဆင့်ဆင့် တိုးတက်လာသည်။ ဖွံ့ဖြိုးမှုအဆင့်အလိုက် သင်ကြားမှု၊ လေ့ကျင့်မှု လိုအပ်ပေသည်။ ကိုယ်အင်္ဂါသော်လည်းကောင်း၊ ဉာဏ်အဆင့်အတန်းသော်လည်းကောင်း ဖွံ့ဖြိုးမှုမြင့်မားလေလေ၊ သင်ကြားလေ့ကျင့်ရာတွင် လွယ်ကူလေလေ ဖြစ်သည်ကို မှတ်သားရပေမည်။

အထက်တွင် ဖော်ပြခဲ့သော စမ်းသပ်မှုမှာ ကာယစွမ်းအားနှင့် ပို၍သက်ဆိုင်သည်။ ယခု ဥပမာတစ်ခု ထပ်မံဖော်ပြပါအံ့။

တစ်မိဝမ်းတွင်းမှမွေးသော အမြွာမွေးကလေးနှစ်ဦးကို မောင်ကြီး၊ မောင်ငယ်ဟု ခေါ်

mgyoe.com

.com
ကြပါစို့။ စကားစ,ပြောလောက်ပြီဟု မှန်းဆချိန်တွင် မောင်ကြီးနှင့် မောင်ငယ်ကို ခွဲထားလိုက်လေသည်။

မောင်ကြီးကို အရာဝတ္ထုများ တစ်ခုစီပြပြီး စကားသင်ပေးလေသည်။ ဥပမာ ခွက်ကို ပြပြီး ခွက်ဟု လိုက်ဆိုစေခြင်း၊ ဘီး၊ မှန် စသည်တို့ကိုပြပြီး အခေါ်အဝေါ်များသင်ကြားပေးခြင်းမျိုးကို ဆိုလိုပေသည်။ ကလေးက မှားတိုင်း ပြင်ပေးပြီး ကျကျနန ရက်သတ္တပတ် ၅ ပတ်လုံး သင်ကြားစေလေသည်။

မောင်ငယ်ကိုကား ထိုကဲ့သို့မဟုတ်၊ မောင်ကြီးနှင့် ခွဲထားပြီး သူ့ရှေ့ဆိုလျှင် စကားကိုပင် ကျယ်ကျယ်မပြောမိအောင် သတိထားနေကြသည်။ ထိုသို့ ရက်သတ္တပတ် ၅ ပတ် ထားလေသည်။ မောင်ကြီးကို လွန်ခဲ့သည့် ရက်သတ္တပတ် ၅ ပတ်က သင်ပေးသကဲ့သို့ပင် မောင်ကြီးသင်ပြီးချိန်မှ မောင်ငယ်ကို ရက်သတ္တပတ် ၄ ပတ်သင်ပေးခြင်းဖြစ်၏။ မောင်ကြီးကို သင်ပေးနေသည့် ထိုငါးပတ်တွင် မောင်ငယ်၏ စကားပြောအင်္ဂါအစိတ်အပိုင်းတို့သည် ပိုမိုဖွံ့ဖြိုးခဲ့လေသည်။ ဉာဏ်လည်း ပိုဖွံ့ဖြိုးခဲ့လေသည်။ ထို့ကြောင့် မောင်ငယ်ကို ၄ ပတ်သာ သင်ပေးခြင်းဖြစ်၏။

နောက်ဆုံး မောင်ငယ်ကို ရက်သတ္တပတ် လေးပတ်ကြာတတ်မြောက်ခြင်းနှင့် မောင်ကြီးကို ရက်သတ္တပတ် ၅ ပတ် သင်ကြား၍ တတ်မြောက်ခြင်းကို ယှဉ်ကြည့်လိုက်သည့်အခါ မောင်ငယ်က မောင်ကြီးထက် စကားအခေါ်အဝေါ် ၇ လုံးတိတိ ပိုမိုတတ်မြောက်နေသည်ကို တွေ့ရပေသည်။

ဤစမ်းသပ်ချက်ကို ထောက်ရှု၍ လေ့ကျင့်ပေးခြင်းသည် အသိပညာကို တိုးပွားစေသည် မှန်သော်လည်း ကိုယ်လက်အင်္ဂါစု ဖွံ့ဖြိုးမှု၊ စိတ်ဖွံ့ဖြိုးမှုတို့က သတ်မှတ်ထားသောနယ်နိမိတ်ကို ကျူးကျော်ဖောက်ဖျက်နိုင်စွမ်း မရှိသည်ကို ထင်ရှားစွာ သိနိုင်လေသည်။ မျိုးရိုးကပါလာသော စွမ်းရည်ဆောင်ရည်တို့သည်လည်း ခန္ဓာကိုယ်နှင့် ဉာဏ်ဖွံ့ဖြိုးလာမှသာ အဆင့်ဆင့်ပေါ်လာသည်ကို ဤမျှဖြင့် ရှင်းလင်းနေပြီဟု ယူဆပါသည်။

အထက်ပါ ဥပမာ၊ ပုံစံကလေးများဖော်ပြရခြင်းမှာ ကလေး၌ မူလပင်ရှိသန္ဓေကပင် ဉာဏ်ကောင်းနေချင်နေမည်။ သို့သော် အချိန်၊ အရွယ်၊ အသက်အလိုက်၊ ဖွံ့ဖြိုးမှုအဆင့်အတန်းလိုက်သာ သင်ကြားပေးသင့်သည်။ မည်မျှပင် စေတနာလွန်ကဲစေကာမူ အချိန်မကျခင် သင်ကြားလေ့ကျင့်နေခြင်း၌ ဘာမျှအကျိုးမရှိ၊ အလဟဿဖြစ်ကြောင်း ထင်ရှားစွာ သိစေလိုပါသည်။ ။

mgyoe.com

mgyoe.com

## [၂] လူနှင့် ပတ်ဝန်းကျင်

လူနှင့်ပတ်ဝန်းကျင်အကြောင်း ရှင်းလင်းမဖော်ပြမီ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီမှ ထုတ်သော လူနှင့်ပတ်ဝန်းကျင်တို့၏ အညမညသဘောတရားစာတမ်းမှ အောက်ပါ စာပိုဒ်ကို လေ့လာကြစေချင်ပါသည်။

လူသည် မိမိ၏ ကိုယ်ကျိုးစီးပွား (အတ္တဟိတ) အတွက် အပေါင်းအသင်း၏ အကျိုးစီးပွား (ပရဟိတ) ကို ဆောင်ရွက်လာရပေသည်။ ဤသို့ဆောင်ရွက်ရာတွင် တွေ့ကြုံလာရသော အနှောင်အဖွဲ့များနှင့် အခက်အခဲများကို မိမိ၏ လွတ်လပ်စွာ နေထိုင်ချင်တတ်သော သဘာဝစိတ်ဓာတ်အရ တော်လှန်ဖယ်ရှား၍ ကျော်လွန်ရန် ကြိုးပမ်းတတ်ပေသည်။

ဤသို့အားဖြင့် လူ၏အတ္တဟိတနှင့် ပရဟိတတို့သည်လည်းကောင်း၊ အနှောင်အဖွဲ့များနှင့် အခက်အခဲများကို ကျော်လွန်၍ လွတ်မြောက်လိုသော ကြံစည်မှုနှင့် အားထုတ်မှုများသည်လည်းကောင်း အချင်းချင်း အပြန်အလှန် အကြောင်းအကျိုးပြု ကြလျက် လူ့ဘောင်၏သမိုင်းစဉ်ကို ထိန်းကျောင်းနေကြသည်။

ဤသို့လျှင်–

ရုပ်ပိုင်းသဘာဝနှင့် လူ၏သဘာဝတို့ကို လေ့လာသောအခါ ရုတ်ဓာတ် အချင်းချင်းသည်လည်းကောင်း၊ လူ၏ရုပ်ဓာတ်နှင့် လူ၏စိတ်ဓာတ် အချင်းချင်းသည် လည်းကောင်း၊ လူနှင့်ပတ်ဝန်းကျင်တို့သည်လည်းကောင်း စသည်တို့သည် အပြန် အလှန် ကျေးဇူးပြုနေကြသည်ဟူသော အညမည သဘောတရားကို တွေ့ရှိရပေ သတည်း။

mgyoe.com

mgyoe.com

အထက်ပါ သဘောတရား၏အလေးအနက်ကို ဆွေးနွေးသွားမည်ဖြစ်၍ ထိုစာပိုဒ်ကလေးကို မျက်ခြည်မပြတ် ဦးနှောက်တွင် သိုဝှက်ထားစေချင်ပါသည်။

လူနှင့်ပတ်ဝန်းကျင်ကား အဘယ်နည်း။

လူသည် ပတ်ဝန်းကျင်တစ်ခုခုတွင်နေရသော သတ္တဝါဖြစ်သည်ကို လက်ခံရပေမည်။ လူသည် မိမိနေရသော ပတ်ဝန်းကျင်တွင်ရှိသည့် အရာဝတ္ထု သက်ရှိ၊ သက်မဲ့ ပစ္စည်းတို့ကို စိတ်ဝင်စားသည်လည်း ရှိပေမည်။ ထိုအရာဝတ္ထု သက်ရှိ သက်မဲ့တို့နှင့် သဟ္ဇာယဖြစ်သည့်အခါ ဖြစ်မည်။ ပဋိပက္ခ ဖြစ်သည့်အခါလည်း ရှိပေလိမ့်မည်။ သို့သော် ပတ်ဝန်းကျင်မရှိဘဲ လူဟူသော သတ္တဝါသည် အသက်ရှင်မနေနိုင်၊ မဖွံ့ဖြိုး၊ မတိုးတက်နိုင်။ ပတ်ဝန်းကျင်မှ လေ၊ ရေ၊ အစာ၊ အပူ၊ အအေးတို့ကို ခန္ဓာကိုယ်ကြီးက ခံယူရသလို ပတ်ဝန်းကျင်၏ လှုံ့ဆော်မှုကြောင့် အလေ့အထ၊ စရိုက်၊ စာရိတ္တတို့သည် ဖြစ်လာကုန်၏။ လူသည် ဆန်းကြယ်သော၊ သိမ်မွေ့သော သတ္တဝါဖြစ်၍ လူ့ပတ်ဝန်းကျင်ကလည်း ဆန်းကြယ်နက်နဲ သိမ်မွေ့လှပေသည်။

လူသည် မိမိကိုယ်ကို လူ့ဘဝတွင်နေပျော်အောင် ပြုပြင်နေရသည်။ လူ၌ ရုပ်ကြောင့်ဖြစ်ပေါ်လာသောဆန္ဒ၊ စိတ်ကြောင့် ဖြစ်ပေါ်ရသော ဆန္ဒတို့ရှိ၏။ ထိုဆန္ဒတို့ ဖြည့်စွမ်းနိုင်မှ လူသည် မိမိဘဝကို မိမိပျော်ပိုက်မည်။ ထိုဆန္ဒများ ပြည့်ဝစေရန် ခုခံသည့်အခါလည်း ခုခံရသည်။ တွန်းလှန်သည့်အခါလည်း တွန်းလှန်ရသည်။ လိုက်လျောကျင့်သုံးရသည်လည်း ရှိ၏။ ထိုဆန္ဒတို့သည် ကိုယ်တွင်းမှ ဖြစ်ပေါ်သည်လည်း ရှိ၏။ ကိုယ်ပ၌လည်း ဖြစ်ပေါ်တတ်၏။

ရှင်းပြပေအံ့။

လူတစ်ယောက်သည် လည်ချောင်းယားသည့်အယား ပျောက်ချင်သောဆန္ဒကြောင့် ချောင်းဟပ်ပစ်လိုက်ရသည်။ ဗိုက်က နာလာ၍ အစာဟောင်း ထုတ်လိုက်ရ၏။ ဤကား ကိုယ်တွင်း၌ ဖြစ်ပေါ်၍တုံ့ပြန်ရခြင်းဖြစ်၏။

ခြင်တစ်ကောင်က လက်မောင်းလာကိုက်နေ၍ လက်နှင့် ရိုက်သတ်လိုက်ရ၏။ ဤကား ကိုယ်တွင်းကိုယ်ပ ခံစားရချက်ကလေးများကို ကိုယ့်ဆန္ဒအရ ကြိုးပမ်းတုံ့ပြန်လိုက်သည့် သာမန်ကိစ္စကလေးများ ဖြစ်ပေသည်။

လူသည် ပတ်ဝန်းကျင်နှင့်လည်း သဟ္ဇာယဖြစ်အောင်၊ အဆင်ပြေအောင် ကြိုးပမ်းရသေး၏။ သာမန်အားဖြင့် ကားမတိုက်မိအောင် ရှောင်ရခြင်း၊ ကျားနှင့်ရင်ဆိုင်တွေ့လျှင် ကျားကိုသတ်ရခြင်းမှအစ ရန်သူအမျိုးမျိုးကို နှိမ်နင်းရခြင်းများအထိ ပြုလုပ်ရသည်။ စားရေး၊ ဝတ်ရေး၊ လူနေမှု ချောင်ချိရေးကို ဖန်တီးရသည်။ မိမိကျရောက်ရာ
mgyoe.com

 mgyoe.com                                                                                    

ပတ်ဝန်းကျင်တွင် မိမိဘဝရပ်တည်မှုအတွက် မစွမ်းဆောင်နိုင်သည့်အခါ အခြားပတ်ဝန်းကျင်အသစ်ကိုလည်း ရှာဖွေရပြန်သေး၏။ တစ်ခါတစ်ရံ ပတ်ဝန်းကျင်က လူကိုကောင်းကျိုးပြုသကဲ့သို့ လူသည် ပတ်ဝန်းကျင်ရန်ကိုလည်း ကြိမ်ဖန်များစွာ တွန်းလှန်ရသေးသည်။

မိဘမျိုးရိုးချင်းတူသော်လည်း မတူညီသောပတ်ဝန်းကျင်နှစ်ခုတွင် ကြီးပြင်းရသောသတ္တဝါနှစ်ခု၏ အလေ့အထ၊ ကိုယ်နှုတ်အမူအရာ၊ ဉာဏ်ဖွံ့ဖြိုးမှုသည် မတူညီဘဲကွဲပြားရချေသည်။

မြန်မာကျမ်းဂန်လာ ကျေးသားနှစ်ကောင်၏ အကြောင်းကို အလျဉ်းသင့်၍ ဖော်ပြပါအံ့။

ရှေးသရောအခါ ကျေးညီနောင် နှစ်ကောင်ရှိပေသည်။ တစ်နေ့တွင် လေပြင်းမုန်တိုင်းကျရောက်၍ ညီနောင်နှစ်ဦးသည် ထိတ်လန့်တကြား ပျံလွှားရင်း ကွဲသွားကြရာ ညီငယ်ကို ရသေ့တစ်ဦးက ရရှိ၍ ကျောင်းသင်္ခမ်းတွင် မွေးမြူထားလေသည်။

အစ်ကိုကိုမူ တောသားမုဆိုးကရ၍ မွေးမြူထားလေသည်။

တစ်နေ့သောအခါ မင်းသားတစ်ပါးသည် တောလည်ထွက်ရာမှ ထိုရသေ့ကြီး၏ကျောင်းသင်္ခမ်းသို့ ရောက်သွားလေသည်။ ကျေးသားသည် မင်းသားကို မြင်သောအခါ "အရှင့်သား ဘယ်ကလာပါသနည်း၊ ထိုင်ပါ၊ ရေကြည်တော်များ သုံးဆောင်ပါ၊ အပန်းဖြေပါ" စသည်ဖြင့် ယဉ်ကျေးဖွယ်ရာ ပြောလေသည်။

ထိုအခါ မင်းသားက အလွန်အံ့သြသောလေသံနှင့် ထိုကျေးအား ဤသို့ဆို၏။ "အသင်ကျေးသား၊ ကျွန်ုပ်သည် မျက်စိလည်လမ်းမှား၍ သင့်ထံမရောက်ခင်က တောသားမုဆိုးတစ်ဦးအိမ်သို့ ဝင်ရောက်မိရာ သင်ကဲ့သို့သော ကျေးသားက ကျွန်ုပ်အားပိုင်းလော့၊ သတ်လော့၊ ဖမ်းဆီးလော့ စသော ကြမ်းတမ်းသော စကားတို့ကို ဆိုလေသဖြင့် ကျွန်ုပ်သည် ရန်သူအမှတ်ဖြင့် ဤသို့ထွက်ခဲ့သည်။ ကျေးသားချင်းတူပါလျက်ဤသို့ အမူကွဲသည်မှာ ထူးဆန်းလှပေတကား" ဟုဆိုရာ ကျေးသားက "အရှင့်သား၊ ကျွန်ုပ်တို့နှစ်ဦးသည် တစ်မိဝမ်းတွင်းမှဆင်းသက်သော ညီနောင်များဖြစ်ကြပါ၏။ လေပြင်းမုန်တိုင်းကျရောက်၍ ညီနောင်နှစ်ဖော်ကွဲကွာခဲ့ရာမှ ကျွန်ုပ်သည် ကျေးဇူးရှင်ဆရာရသေ့ထံရောက်လာသည်။ သူကား တောသားမုဆိုး၏ မွေးမြူခြင်းကို ခံယူရ၍စရိုက်ချင်း ကွဲပြားနေခြင်းဖြစ်ပါသည်" ဟု ရှင်းပြလေသတည်း။

ဤပုံပြင်ကလေးကပင် ပတ်ဝန်းကျင်၏ အရေးကြီးပုံကို ဖော်ပြလျက်ရှိနေပေပြီ။ ပတ်ဝန်းကျင်ကို ပို၍ လေ့လာလေလေ ပို၍နက်နဲသိမ်မွေ့လာလေလေသာ ဖြစ်ပေမည်။

mgyoe.com

mgyoe.com


လူမွေးစက စ၍ သေသည့်အထိ ပတ်ဝန်းကျင်နှင့်ကင်း၍မဖြစ်။ မွေးစက တွေ့ထိရသော ပတ်ဝန်းကျင်ကား အိပ်ရာ၊ အိပ်ခန်း၊ မိဘ၊ အိမ်နှင့် အိမ်၏ပတ်ဝန်းကျင် မောင်နှမ၊ ဆွေမျိုးအသိုက်အဝန်း၊ ကျောင်းနေချိန်တွင် ကျောင်း၊ ဆရာ၊ ဆရာများ၊ ကျောင်းသူ ကျောင်းသား သူငယ်ချင်းမိတ်ဆွေတို့ကို တွေ့ရမည်။

အိမ်ဟူသော မိဘကပေးသော ပတ်ဝန်းကျင်တွင် ကလေး၏ စာရိတ္တ၊ ယဉ်ကျေး သိမ်မွေ့မှု၊ ကျန်းမာမှုတို့ကို အခြေခံတည်ဆောက်ခဲ့ပြီး ကျောင်းဟူသော ပတ်ဝန်းကျင် က ကလေးကို နိုင်ငံကောင်းကျိုး ဆောင်ရွက်နိုင်မည့် နိုင်ငံသူနိုင်ငံသားကောင်းတစ်ဦး ဖြစ်လာရန် ပြုစုပျိုးထောင်ပေးရန် တာဝန်ရှိပေသည်။

ဤနေရာတွင် ပတ်ဝန်းကျင်၏ တန်ခိုးကြီးမားပုံကို သာဓကကလေးများဖြင့် ပြဆို လိုပါသေးသည်။

မျိုးရိုးလည်းတူ၊ ပတ်ဝန်းကျင်လည်းတူ၊ စားသောက်နေထိုင်သင်ကြားမှုလည်း အဆင့်အတန်းတူညီပါက ကလေးတို့၏ ကာယ၊ ဉာဏဖွံ့ဖြိုးမှုသည် အလွန်ကွဲပြားရန် ခဲယဉ်းပေသည်။ သာမန်လောက်တော့ ကွဲပြားနိုင်သည်။

နျူမင်း၊ ဖရီးမင်းနှင့် ဟို(လ်)ဇင်းဂါးခေါ် သိပ္ပံဆရာကြီးသုံးဦးသည် ရုပ်တူ အမွှာ မွေး ၁၉ စုံကို အိမ်ပါခြားစီ ခွဲ၍ထားကြည့်သည်။ ထိုအိမ်များမှာလည်း တူညီသော ပတ်ဝန်းကျင်များရှိကြသေးသည်။ သုံးလေးနှစ်ကြာသော် ကလေးများကို ပြန်စုပြီး ဉာဏ် စမ်းနည်းများဖြင့် ဉာဏ်ကို စမ်းသပ်ကြည့်ရာ တစ်ဦးနှင့်တစ်ဦး မကွာခြားလှသည်ကို တွေ့ရှိရသည်ဟု ဖော်ပြထားလေသည်။

သို့သော် အခြားစမ်းသပ်ချက် တစ်ခုတွင်သော်ကား ဤသို့တွေ့ရ၏။

မိဘမဲ့ ဂေဟာတစ်ခုရှိ ကလေး ၇၄ ယောက်အနက်မှ အချို့ကလေးတို့ကို ပစ္စည်း ပြည့်စုံသော အိမ်ထောင်သို့ ပေးလိုက်သည်။ အချို့ကလေးများသည် ပစ္စည်းဆင်းရဲ နွမ်းပါးသော အိမ်သို့ရောက်သွားရသည်။ မပို့မီက ကလေးများ၏ ဉာဏ်အရည်အချင်း ကို စမ်းသပ်မှတ်သားထားလေသည်။ သူတို့ ဂေဟာတွင် နေခဲ့သောနှစ်ပေါင်းမှာ ပျမ်း မျှ လေးနှစ်မျှ ရှိမည်ဟု ဆို၏။ ထိုမွေးစားအိမ်များတွင် တစ်နှစ်၊ နှစ်နှစ်တန်သည် နေပြီးသောအခါ ကလေးများကို ခေါ်ယူ၍ ဉာဏ်ဖွံ့ဖြိုးမှုရှိမရှိ စမ်းသပ်ရာ ပစ္စည်းပြည့် စုံသောအိမ်သို့ ရောက်သွားသော ကလေးများသည် ပျမ်းမျှ ၅-၃ မှတ်ပိုရကြ၍ မပြည့်စုံ သော အိမ်သို့ ရောက်သွားသော ကလေးများသည် မိဘမဲ့ဂေဟာတွင် နေစဉ်ကထက် ၀.၁ အမှတ်သာပိုရကြောင်း တွေ့ရလေသည်။ ထို့ကြောင့် ဆင်းရဲနွမ်းပါးသော အိမ် ထောင်မှ ကလေးများ၏ ပတ်ဝန်းကျင်မှာ ဉာဏ်ဖွံ့ဖြိုးမှုအတွက် မိဘမဲ့ဂေဟာများထက်

mgyoe.com

mgyoe.com


အခြေအနေပို၍ မကောင်းမွန်ကြောင်း တွေ့ရှိရပေသည်။

အခြားဥပမာတစ်ခုမှာ တစ်နေ့တည်း၊ တစ်မြို့တည်းတွင် မွေးဖွားသော ကလေး သုံးယောက်ရှိ၏။ ကလေးတစ်ယောက်မှာ ၎င်းမွေးဖွားပြီး မကြာမတင်ပင် မိခင်ရော ဖခင်ပါ ပျက်စီးသွား၍ မိဘမဲ့ဂေဟာသို့ရောက်သွား၏။

ဒုတိယကလေးမှာ မိခင်သေဆုံးပြီး ဖခင်က နောက်အိမ်ထောင်ထပ်ပြုရာ မိထွေး လက်ဝယ် ကြီးပြင်းရလေသည်။

အခြားတစ်ယောက်မှာမူ မိစုံ၊ ဖစုံနှင့် သိုက်သိုက်ဝန်းဝန်း ကြီးပြင်းလာရ၏။ မိဘ မဲ့သော ကလေးမှာ ဂေဟာက စာပေသင်ကြား၊ စက်မှုပညာသင်ကြားပြီး တတ်မြောက် ကာ လူရောစိတ်ပါ ကြံ့ခိုင်စွာဖြင့် ဘဝတွင် တင့်တင့်တယ်တယ် အသက်မွေးဝမ်းကျောင်း တစ်ခုဖြင့် စာရိတ္တလည်း ထိန်းသိမ်းနေထိုင်လေသည်။

မိစုံဘစုံကြီးရသော ကလေးသည်လည်း ထိုနည်းတူစွာပင် ဘဝလမ်းကြောင်း ဖြောင့်ဖြူးသာယာစွာ လူတစ်လုံးသူတစ်လုံး ဖြစ်နေပေ၏။ သို့သော် အဖသာရှိပြီး အမိမဲ့ ရရှာသော သားငယ်မှာကား ပထမမိထွေးက ငြိုငြင်သည်။ မိထွေးပြောစကား ဖခင်က ယုံပြီး သားကိုဖိနှိပ်သည်။ ပတ်ဝန်းကျင်မှ ကြင်နာမှုယုယမှုဖျောင်းဖျမှုများကို လုံးဝ မရရှာသော သားငယ်သည် အိမ်မှထွက်ပြေးလေသည်။ ဝမ်းရေးခက်လာသောအခါ ရာဇဝတ်မှုကိုပင် ကျူးလွန်မိကာ ထောင်တန်းပင် ကျရရှာလေတော့၏။

တစ်မြို့တည်း၊ တစ်ချိန်တည်းမွေးသော သုံးဦး၏ ကံဇာတာသည် ဘာကြောင့် ကွဲပြားရသနည်း။ သေသေချာချာ ဆန်းစစ်လိုက်ပါမူ ပတ်ဝန်းကျင်၏လွှမ်းမိုးမှု၊ ပတ်ဝန်း ကျင်၏ ဒဏ်ခတ်မှု၊ ပတ်ဝန်းကျင်၏ ကောင်းကျိုးပြုမှုသာ မဟုတ်ပါလော။

သတ္တဝါများတွင် လူသည်သာလျှင် အသိဉာဏ်အရှိဆုံးဖြစ်၍၊ အသိဉာဏ်ကို အသုံး တတ်ဆုံးဖြစ်၍ ဤသတ္တလောကတွင် လူ့ဘုံလောကကြီးက လူကိုဖန်တီးနေသလို လူက လည်း လူ့ဘုံလောကကို ဖန်တီးနေပေ၏။ လူ့ဘုံလောကကား လူ့ပတ်ဝန်းကျင်ပင်တည်း။

လူချင်းတူလျက် ဘဝချင်းအလှမ်းအလွန်ကွာရခြင်းကို အထက်ပါ သာဓကများ ထောက်ရှု၍ တရားခံရှာပါက တစ် တရားခံသည် မညီမျှသော စီးပွားရေးစနစ်၊ နှစ် တရားခံကား စာရိတ္တနှင့် သုံး တရားခံက စိတ်ဓာတ်တို့ဖြစ်၏။

စီးပွားရေးစနစ် ညီမျှသော်ကား စာရိတ္တနှင့်စိတ်ဓာတ်တို့လည်း ဖွံ့ဖြိုးတိုးတက်လာ မည်ဟု တွက်ချက်နိုင်လေသည်။ သို့သော် မညီမျှသော စီးပွားရေးစနစ်လက်အောက် တွင် အနှစ်တစ်ရာကျော်နေခဲ့ရသော ဤနိုင်ငံရှိ လူထုသည် ထိုစနစ်၏ဆိုးမွေတို့ကို လက်ခံခဲ့ကြသည်။ လူဆိုသည့် သတ္တဝါကလည်း အကျင့်ပါတတ်သော သတ္တဝါဖြစ်ရ

mgyoe.com

mgyoe.com
ကား မလိုလားအပ်သော စရိုက်ဆိုးတို့သည် စွဲကပ်အမြစ်တွယ်လာကြကုန်၏။ ထိုစရိုက်ဆိုးတို့ကို ပယ်ဖြတ်၍ ကောင်းသော၊ လိုလားအပ်သော စရိုက်လက္ခဏာများ ဖော်ဆောင်ပေးရန် အရေးတကြီးလိုအပ်ပေသည်။

လူနှင့်ပတ်ဝန်းကျင်ကို ခွဲခြား၍ စဉ်းစားရန် မဖြစ်နိုင်ပေ။ လူတွင် ရုပ်ပိုင်းဖြစ်သော စားဝတ်နေရေး ဖူလုံရေးနှင့် ကျန်းမာသန်စွမ်းရေး၊ စိတ်ပိုင်းဖြစ်သည့် စာရိတ္တကောင်းမွန်ရေး၊ စိတ်ဓာတ်ကြံ့ခိုင်ရေး နှစ်မျိုးပြည့်စုံမှ လူ့ဘုံလောက၏ ကောင်းကျိုးချမ်းသာကို အပြည့်အဝ အသုံးချတတ်မည်။ ခံစားတတ်ပေမည်။ လူတို့ဖွဲ့စည်းနေသော လူပတ်ဝန်းကျင်တွင် တစ်ဦးက တစ်ဦးကို အကျိုးပြုနေရကား လူ၌ ရုပ်ပိုင်း စိတ်ပိုင်းရှိသလို ပတ်ဝန်းကျင်တွင်လည်း ရုပ်ပိုင်း စိတ်ပိုင်း ရှိပေသည်။

လူ၏ ရုပ်ပိုင်း၊ ပတ်ဝန်းကျင်၏ ရုပ်ပိုင်းဖြစ်သော စားဝတ်နေရေးဖူလုံရေး၊ ကျန်းမာရေးကို ဤစာအုပ်တွင် ချန်လှပ်ပြီး စိတ်ဓာတ်ကြံ့ခိုင် ကျန်းမာရေးနှင့် စာရိတ္တ ကောင်းမွန်ရေးကို မိဘ၊ ဆရာ၊ ပတ်ဝန်းကျင် အသိုင်းအဝန်းက မည်သို့ဆောင်ရွက်နိုင်သည်ကိုသာ အလေးအနက်ပြုကာ ဖော်ပြသွားလိုပေသည်။ ။

mgyoe.com

mgyoe.com

## [၃] မိဘနှင့် မွေးစကလေး

လက်ဦးဆရာ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ မိနှင့်ဘဟု မြန်မာတို့၏ ဆိုရိုးစကားရှိသည်။ အမိသည် ကလေး၏ ပတ်ဝန်းကျင်တွင် အရေးအကြီးဆုံး ဇာတ်ဆောင်ဖြစ်ပေသည်။ အဘသည် အမိပတ်ဝန်းကျင်တွင် အမြဲရှိနေ၍ သူ၏လွှမ်းမိုးမှုသည် မိခင်အပေါ် ကြီးမားသလို ကလေးအပေါ်လည်း တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆွဲဆောင်လွှမ်းမိုးလျက်ရှိပေသည်။

ကလေးသည် အမိဝမ်းတွင်းတွင် မှီတွယ်နေရစဉ်က သူ၏အလိုဆန္ဒဟူသမျှသည် လုံ့လမထုတ်ရဘဲ အလိုလိုပြည့်ဝနေလေသည်။ အမိကိုမှီတွယ်ပြီး သူ့အတွက် ဓာတ်သဘာဝမျှတ၍ အသွေးအသားတို့ ဖြစ်ထွန်းဖွံ့ဖြိုးနေကြရသည်။ သို့သော် အမိဝမ်းတွင်းက ကျွတ်သည်နှင့် ကလေးမှာ လုံ့လထုတ်လာရသည်။ သူ့အထွာနှင့် သူဆန္ဒပြည့်ဝရေးအတွက် ကြိုးပမ်းလာရတော့၏။ စိတ်ပညာဆရာတစ်ဦးက ကလေးသည် အမိဝမ်းက ကျွတ်လာသည့်နေ့မှစ၍ အလိုဆန္ဒမပြည့်ဝသည့်အခါ မည်သို့ခံစားရသည်ကို နားလည်ခဲ့သည်ဟု ဆိုထားလေသည်။

မွေးစကလေး၏ဆန္ဒများမှာ သာမန်အားဖြင့် အိပ်ချင်ခြင်း၊ စားသောက်ချင်ခြင်း၊ ဆီးဝမ်းသွားလိုခြင်း၊ လှုပ်ရှားလိုခြင်း၊ သက်သောင့်သက်သာနေလိုခြင်း စသည်တို့သာ ဖြစ်ပေသည်။ သူတို့စိတ်ချမ်းသာမှု၊ ဆန္ဒပြည့်ဝမှုသည်လည်း အလွန်အရေးကြီးပေသည်။ ကလေးများလိုရာ ဆန္ဒမပြည့်ဝသည့်အခါ မာရက်စမတ် (Marasmus) ခေါ် ရောဂါဖြစ်တတ်၏။ ထိုရောဂါမှာ ဘာမျှအကြောင်းရှာမရဘဲ ကလေးမှာ ကိုယ်ခန္ဓာ ဖွံ့ဖြိုးထွားကျိုင်းမလာဘဲ တဖြည်းဖြည်း ကြုံလှီလာသော ရောဂါမျိုးဖြစ်၏။ ကလေးသည် အစားအသောက်မပျက် ဘာကိုပင်စားစား ခွန်အားလည်းမဖြစ်ဘဲ ရှိတတ်ပါသည်။ ဤရောဂါသည် အသက်

mgyoe.com

mgroe.com
တစ်နှစ်အတွင်း ဖြစ်တတ်သည်။ စိတ္တဇဝေဒနာဟုပင် ခေါ်ရပေမည်။

ပထမကမ္ဘာစစ်ကြီးပြီးစက ဥရောပတိုက်တွင် ကလေးများသေဆုံးကြသည့်အနက် သေဆုံးသူအားလုံး၏ ငါးဆယ်ရာခိုင်နှုန်းမှာ ထိုရောဂါမျိုးနှင့် သေဆုံးရသည်ကို တွေ့ ရပေသည်။ ပို၍ထူးဆန်းသည့်အဖြစ်မှာ ပစ္စည်းဥစ္စာ ပြည့်စုံသည့် အိမ်ထောင်များ ဆေးရုံများတွင် အစာအာဟာရကို စနစ်တကျ ကျွေးမွေးပြုစုပါလျက် ထိုရောဂါမျိုး ဖြစ်ပွားလာသူ များပြားပြီး ဆင်းရဲသောမိသားစုမှ ပေါက်ဖွားလာရသော်လည်း မိဘက ချစ်ခင်ယုယမှုအပြည့်နှင့် မွေးသောကလေးများမှာ ထိုရောဂါမျိုးမဖြစ်ဘဲ ကျန်းမာကြံ့ ခိုင်ရွှင်ပျော်သော ကလေးများဖြစ်ကြသည်ကို တွေ့ရပေ၏။

ဤကဲ့သို့ ဖြစ်ရခြင်းမှာ အစာအာဟာရလိုသကဲ့သို့ပင် စိတ်ဓာတ်ကြံ့ခိုင်ရေးအတွက် အမိ၏ ယုယချစ်ခင်မှုလိုသောကြောင့်ဟု တွေ့ရှိရပေ၏။ နှောင်းခေတ်က ထိုအချက်ကို သတိမပြုမိကြ၍ အနောက်နိုင်ငံတွင် ကလေးအပျက်အစီးများရသော်လည်း ယခုခေတ် တွင် မာရက်စမတ်ရောဂါ အလွန်နည်းပါးသွားသည်ကို တွေ့ရပေသည်။

ကလေးရောဂါများ အထူးကုဆရာဝန်တစ်ဦးက ကလေးငယ်ကလေးကို နှစ်နာရီ တစ်ကြိမ်ခန့် ချစ်ခင်စွာ ချီပွေ့ယုယပေးရမည်ဟုပင် ရေးသားညွှန်ကြားခဲ့လေသည်။ ကလေးကို ပထမအခါလည်သားအထိ ယုယချစ်ခင်မှုလိုကြောင်းကို ပိုမိုသဘောပေါက် စေရန် အောက်ပါလက်တွေ့သာဓကတစ်ခု ဖော်ပြပါမည်။

တစ်ခါက အမျိုးသမီးတစ်ဦးသည် သားဖွားဆေးရုံတစ်ခုတွင် သားကလေးတစ် ယောက် လာရောက်ဖွားမြင်လေသည်။ ကလေးမှာ ကျန်းကျန်းမာမာနှင့် ဖွားစတွင် ၆ ပေါင်နှင့် ၃ အောင်စ ကိုယ်အလေးချိန်ရှိပေ၏။ မိခင်၏ နို့နှင့်ပင် မွေးခဲ့လေသည်။ မိခင်မှာ အလုပ်လုပ်ရသူဖြစ်၍ မြန်မြန်အလုပ်ဝင်နိုင်စေရန် ကလေးကို နို့မှုန့်တိုက်ချင် လေသည်။ သို့သော် ဆေးရုံမှ ဆရာမများတိုက်တွန်းချက်အရ သူ့နို့ပင် ဆက်တိုက်ခဲ့ လေသည်။ အချိန်တန်သောအခါ ဆေးရုံမှဆင်းခဲ့လေ၏။ သားအမိနှစ်ယောက်ဆေးရုံက ဆင်းပြီးမကြာမီ ကလေး၏ ဖခင်က အမျိုးသမီးအား ပစ်သွားလေတော့၏။ ထိုအခါ အမျိုးသမီးမှာ စိတ်ညစ်ပြီး နို့ခန်းသွားပြန်သည်။ ကလေးကို နို့ကြိုးစားတိုက်ပါသော် လည်း ကလေးမှာ နို့မစို့ဘဲနေသည့်အခါနေ၊ စို့ပြန်ပါလည်း အန်ထုတ်နှင့် သားအမိ နှစ်ယောက် အတိဒုက္ခရောက်သောအခါ ကလေးကို ဆေးရုံသို့ ပြန်ပို့ရလေတော့၏။

ကလေးဆေးရုံသို့ ရောက်ပြီးကတည်းက တစ်လတိတိ မိခင်မှာ ပေါ်မလာတော့ ချေ။ တစ်လကျော်သည့်အခါ မိခင်ထံမှ မိမိမှာ အတော်မကျန်းမမာဖြစ်နေ၍ ကလေးလာ မကြည့်နိုင်သေးပါ၊ သူနောက်ထပ် အကြောင်းမကြားမချင်း ကလေးကို ဆေးရုံမှာပင်
mgroe.com

မွေးထားစေလိုကြောင်းနှင့် စာတစ်စောင်ရရှိလေသည်။

ဆေးရုံမှာ ကလေးဦးရေကလည်း များပြားလှသဖြင့် ကလေးကို အစာအာဟာရ ဆေးဝါးမှန်မှန်ကျွေးရုံ၊ အဝတ်လဲပေးရုံမျှအပ အထူးဂရုစိုက်မှု ဘယ်သူမျှ မပြုနိုင်ကြပေ။ ကလေးသည် ဆေးရုံတွင် အစာမှန်မှန် စားသောက်၊ ဆေးဝါးမှန်မှန် ကျွေးနေပါလျက် နှစ်လကြာသည်အထိ ကိုယ်အလေးချိန် မတိုးခဲ့။ ပါးစပ်က နို့စို့ပြီး ဝမ်းကချက်ချင်းသွားပစ်လေသည်။ နှစ်လကြာသော်လည်း သူ့မိခင်မှာ မပေါ်လာ။ ကလေးကို လုံးဝ စွန့်ပစ်လိုက်ပြီဟု ယူဆရလေတော့၏။ ကလေးကို ဆေးရုံတွင် ချိန်တွယ်ကြည့်ရာ ကိုယ်အလေးချိန်မှာ ၅ ပေါင်သာ ရှိတော့လေသည်။ ကလေးမှာ ပိုမိုဂရုစိုက်ရမည့်အချိန် ကျရောက်လာသဖြင့် အလုပ်သိပ်မများသော ကလေးဆေးရုံငယ်တစ်ခုသို့ ရွှေ့ပြောင်းပေးလိုက်ရသည်။

ဤကလေးကိစ္စကို လေ့လာသောအခါ စိတ်ပညာဆရာ၏ ဖော်ပြချက်အရဆိုလျှင် သူသွားတွေ့သောအချိန်၌ ကလေး၏အရွယ်မှာ အမိဝမ်းတွင် ပဋိသန္ဓေ ၇ လအရွယ် သန္ဓေသားကောင်မျှသာဖြစ်၍ အရေများမှာ ရှုံ့တွတွန့်နေလေသည်။ သို့သော် မျက်လုံးများနှင့် မျက်နှာထားအနေအထားမှာ ရင့်ကျက်နေသည်ဟု ဆိုလေသည်။ ကလေး၏ ဗိုက်မှာ ကားပြီး ကယ်နေရုံမက နံရိုးများပင် အရှောင်းလိုက် ပေါ်လွင်နေလေသည်။ ရောဂါရှာ၍လည်း မတွေ့ဘဲ အားလုံးကောင်းနေသည်ဟု ဆို၏။

ဆေးရုံငယ်သို့ ပြောင်းလိုက်သည့်အခါ ထိုဆေးရုံတွင် သူနာပြုဆရာမလေးများက ကလေးကို ပေါင်ပေါ်တင်ပြီးမှ နို့တိုက်ကျွေးသည်။ နို့မတိုက်မီ နှစ်မိနစ်သုံးမိနစ်ခန့် ချီပိုးယုယသည်။ အခါအခွင့်ရတိုင်း ကလေးကို ကျီစယ်ကလူ မြှူ၍ပေးကြ၏။ ထိုသို့ ချစ်ခင်ယုယ လုပ်သည်နှင့်အမျှ ကလေး၏အခြေအနေမှာ တစ်စတစ်စ တိုးတက် ကောင်းမွန်လာလေသည်။ ထို့နောက် လူမှုဝန်ထမ်းစိတ်ဓာတ် ရင့်သန်သည့် စေတနာရှင်အမျိုးသမီးတစ်ဦးက နံနက် ၁၀ နာရီလောက်တွင် တစ်ကြိမ်၊ ညနေ ၆ နာရီလောက်တွင်တစ်ကြိမ် လာရောက်ပွေ့ပိုက်ပြီး ယုယစွာပွတ်သပ်ပေးလေရာ အသက် ၅ လတွင် ကလေး၏ ကိုယ်အလေးချိန်သည် ၉ ပေါင်ရှိသည်အထိ တိုးတက်လာခဲ့လေသည်။ ထိုသို့တိုးတက်လာသည့်တိုင်အောင် လက်စုပ်တတ်သည့်အလေ့မှာလည်း မပျောက်သေး၊ ခေါင်းထူနိုင်ငြားလည်း မမှောက်နိုင်ရှာသေး။

သို့သော် ဆေးရုံ၏ စည်းကမ်းဥပဒေအရ ကလေး၏ ကျန်းမာရေးတိုးတက်လာသည်နှင့် ဂရုတစိုက်မွေးနိုင်မည့် မိဘမဲ့ဂေဟာတစ်ခုသို့ ပို့လိုက်ရာ ထိုဂေဟာက ပြုစုပျိုးထောင်မှုကြောင့် လူတန်းစေ့ မှောက်နိုင် လှန်နိုင် လေးဖက်တွားသွားနိုင်ရာကအစ တစ်စတစ်စ လူလားမြောက်ခဲ့ရရှာလေသည်။ အသက်နှစ်နှစ်တွင် သူ့ကျန်းမာရေးအဆင့်

mgyoe.com

အတန်းမီလာလေ၏။ သုံးနှစ်ရှိသော် ဉာဏ်စွမ်းကို စမ်းသပ်ကြည့်ရာတွင် အသက်နှင့်အမျှ ဖွံ့ဖြိုးနေပြီကို တွေ့ရလေသည်။ သို့သော် ကလေးမှာ ထိန်းကျောင်း ယုယသူ အပြောင်းအလဲဖြစ်လျှင်ပင် အစားပျက်၊ အသောက်ပျက် မှိုင်တွေငေးငူဖြစ်လာတတ်၍ သူ့အား ဂရုတစိုက် မွေးမြူခဲ့ကြရသည်ဟု ဆိုလေသည်။

ဤကလေးမှာ အထက်ပါနည်းအတိုင်း မွေးမြူစောင့်ရှောက်ပြီး လူလားမြောက်လာမည်မှာတော့ ဧကန်ဖြစ်ပေသည်။ သို့သော် မည်မျှပင် ပြုစုပျိုးထောင်စေကာမူ လူငယ်ပိုင်းရောက်သော် ပေါင်းသင်းဆက်ဆံရေး၊ လူမှုရေးတို့တွင် သူ့အဖို့ တိမ်းပါးချွတ်ချော် အဆင်မပြေ ဖြစ်လာဦးမည်မှာ မုချဖြစ်ပေသည်။ သူ၏ ကံကြမ္မာကို ဖန်တီးလိုက်သူကား သူ့မိခင်နှင့် ဖခင်တို့ပင်ဖြစ်ပါသတည်း။

မိဘများ သိသင့်သိထိုက်သည့်အတွက် ကလေးတို့၏ စိတ်ဓာတ်ဖွံ့ဖြိုးလာပုံကို ဆက်လက်ဖော်ပြပါမည်။

မွေးကတည်းက ကလေးတွင် သိမှုစိတ်ကလေး ပါလာခဲ့ပါသည်။ သူတို့သည် နာကျင်ခြင်း၊ ဆာလောင်မွတ်သိပ်ခြင်း၊ သက်သောင့်သက်သာ မအိပ်မနေရခြင်းတို့ကို မခံစားနိုင်၍ အသံပြုသည်၊ ငိုသည်၊ ငယ်စဉ် မျက်ရည်မထွက်သေးပါ။ မွေးပြီး ရက်သတ္တပတ် သုံးပတ်အကြာ ပိုမိုသိသာလေပြီ။ နှာခေါင်းပိတ်၍ အသက်ရှူမရသည့်အခါ၊ နှာပြည်ယိုနေသည့်အခါ၊ နို့စို့ချိန်မကျသေးဘဲ နိုးနေသည့်အခါ၊ ကျောပူလာသည့်အခါ၊ အနှီးစိုနေသည့်အခါ၊ စအိုမှအစ အညစ်အကြေးစွန့်ရာ အင်္ဂါစုအနီး အသားအရေ ပူစပ်ပူလောင် ဖြစ်နေသည့်အခါ၊ သူတို့လက်ကလေးများ တုပ်နှောင်ထားသည့်အခါ အနေမသာ၍ ငိုတတ်ကြသည်။

သူတို့ စိတ်လှုပ်ရှားမှုမှာ စိတ်မချမ်းမြေ့မှု၊ စိတ်မသက်သာမှုသာ ဖြစ်ချေသည်။ အသက် ၂ လရသည့်အခါ မျက်ရည်ထွက်အောင် ငိုတတ်လာလေပြီ။ ထိုအချိန်တွင် ပြုံးလာတတ်ပြီဖြစ်ပေ၏။ အသက် ၃ လရလာလျှင် သူတို့စိတ်ပျော်ရွှင်လျှင် ပျော်ရွှင်လာသလို မျက်နှာအမူအရာ၊ ခြေလက်အင်္ဂါ လှုပ်ရှားပြတတ်လာလေပြီ။ သူတို့ပျော်သည့်အခါ ခြေထောက်ကလေးများ ပေါက်ပြီး ကန်တတ်လာသည်။ တောက်ပြောင်သည့် အရာဝတ္ထုများ၊ အသံသာသည့် ခြူကလေး၊ ခေါင်းလောင်းကလေးများ ပြလိုက်လျှင် လိုချင်၍ ခေါင်းကိုကြိုးစားပမ်းစား ထူတတ်ကြသည်။ သူတို့ကို တေးဆို၍ ချော့လျှင် သူတို့က အင်အင်ဟုလိုက်ဆိုတတ်ကြလေပြီ။

အသက် ၅ လရှိသောအခါ စိတ်ဆိုးတတ်၊ ဒေါသဖြစ်တတ်လာလေပြီ။ သေးငယ်သော အရာဝတ္ထုများဖြစ်သည့် လက်လှုပ်ကစားစရာကလေးများ၊ အဝတ်ရုပ်ကလေးများ၊ သူတို့

mgyoe.com

နို့ဘူးများကို ခုံမင်စွဲလမ်း ခင်တွယ်စပြုလာပြီဖြစ်၍ တစ်ခါတစ်ရံ သူတို့လက်ထဲမှ ထိုပစ္စည်းများ ဆွဲယူလိုက်လျှင် ဒေါသနှင့် ငိုယိုတတ်ကြလေသည်။ ရွံ့ရှာတတ်လာပြီဖြစ်၍ မကြိုက်သောအစာဆိုလျှင် ထွေးပစ်လိုက်တတ်၏။ ချောင်းဆိုးတတ်၊ မဲ့တတ်ကြလေ၏။

အသက် ၇ လရသည့်အခါ ကြောက်တတ်သည့် စိတ်ကတိုးတက်ဖွံ့ဖြိုးလာပြန်လေသည်။ သူတို့ကြောက်တတ်သည့် ကိစ္စများကား ပြင်းထန်သောအသံများ ဖြစ်ပေါ်လာခြင်းနှင့် သူတို့ထိုင်ရာနေရာတွင် ခြေလွတ်လက်လွတ်လဲကျခြင်းတို့ကို ကြောက်စိတ်ဖြစ်လာတတ်ပေသည်။ သူတို့သည် ဤအရွယ်၌ ပတ်ဝန်းကျင်က အရာဝတ္ထုများကို စိတ်ဝင်စားလာပြီဖြစ်၍ လှမ်းဆွဲခြင်း၊ ဆုပ်ကိုင်ထားခြင်းစသော ကိစ္စများလည်း ပြုလုပ်လာတတ်ပေ၏။

၁၁ လ ရသောအခါ ကလေးသည် သိသိသာသာ ချစ်တတ်ခင်တတ်၊ စွဲလမ်းတတ်လာလေပြီ။ အများအားဖြင့် ၎င်းတို့ကို ထိန်းကျောင်းယုယသော မိဘလူကြီးပိုင်းကို ခင်တွယ်လာသဖြင့် လက်ကလေးများဖြင့် ဖက်ထားခြင်း၊ ပါးချင်းအပ်ခြင်း၊ နမ်းခြင်းစသည့် အမူအရာကလေးများ ပြုလုပ်လာတတ်ကြပေသည်။

အသက် ၁၅ လ ရှိလာသည့်အခါ ကလေးများသည် မိခင်ဖခင်မှအစ ထိန်းကျောင်းယုယသူတွေကို ချစ်ခင်တတ်ရုံမက သူတို့အရွယ် ကလေးအချင်းချင်းကိုလည်း ခင်မင်တတ်လာလေပြီ။ အသက် ၁၈ လ တွင်သော်ကား မောင်နှမသားချင်း ကစားဖော်များကို သိသိသာသာ ခင်တွယ်တတ်လာကြ၏။

ကလေးငယ်များတွင် တစ်ခါလည်း၊ နှစ်ခါလည်းလောက်အရွယ်၌ ရှက်စိတ်ဝင်မလာတတ်သေးပေ။ ရှက်ခြင်းသည်လည်း ပင်ကိုသန္ဓေမဟုတ်ချေ။ ရှက်စရာဆိုသည့်ကိစ္စမှာ လူမျိုးအလိုက်လူ့အဖွဲ့အစည်း ယဉ်ကျေးမှုစရိုက်ထုံးစံအရ မိဘတို့က ရှက်စရာကြီးဖုံးထား၊ ရှက်စရာကြီး မလုပ်နဲ့၊ ဒါမျိုးမပြောရဘူးစသည့် သင်ကြားမှုအလိုက်သာ အစွဲဝင်လာခြင်းဖြစ်ပေ၏။

ယဉ်ကျေးမှုစနစ်၊ လူမှုဆက်ဆံရေးစနစ် စသည်တို့မှာလည်း လူ့အဖွဲ့အစည်း အလိုက်ဖြစ်ပေါ်လာကြသည်။ မွေးဖွားကတည်းက ပါလာသော သဘာဝဆန္ဒအရ မဟုတ်ကြပေ။ သက်ဆိုင်ရာလူကို ခြံရံဝိုင်းပတ်နေသော ပတ်ဝန်းကျင်၏ လွှမ်းမိုးမှုသာ ဖြစ်ပေ၏။ လူသည် စိတ်သက်တမ်းစေ့၊ လူသက်တမ်းစေ့ ကြီးထွားဖွံ့ဖြိုးလာသည့်အခါ သူတို့သဘာဝ ဆန္ဒအရပြုမူဆောင်ရွက်ကြသော ကိစ္စများရှိပေသည်။ ထိုကိစ္စများကို ပတ်ဝန်းကျင်လူထုက လက်ခံသည့်အခါ အကျင့်ပါသွားသည်။ လက်မခံဘဲ အကျင့်ကို ဖျောက်ဖျက်ပြီး ပြုပြင်ပြောင်းလဲနိုင်သော ကိစ္စများလည်း ရှိပေသည်။

mgyoe.com

ကလေးများကို မိမိတို့ကြိုက်ရာပုံသွင်းရာတွင် ပထမဆုံးတာဝန်ယူရသူမှာ မိဘများသာ ဖြစ်ပေ၏။ ကလေးက မိဘကို ချစ်သည်၊ ခင်သည်၊ တွယ်တာသည်ဆိုသော စိတ်မှာ ဝမ်းတွင်းပါမဟုတ်ချေ။ မိမိကိုယ်ကျိုးအတွက် မိမိဘာသာမွေးမြူ၍ရသော စိတ်ဟု ခေါ်ရပေမည်။ မိခင်နှင့်ဖခင်သည် သားသမီး၏ဆန္ဒကို ပြည့်ဝအောင် ဆောင်ရွက်ပေးသူများဖြစ်၏။ သားသမီးကိုမှန်မှန်ကျွေးသည်။ သန့်သန့်ရှင်းရှင်း သက်သောင့်သက်သာ နေနိုင်အောင် ဖန်တီးရုံမျှမက ဘေးအန္တရာယ်ကို ကာကွယ်ပေးသည်။ ထို့ကြောင့် ကလေးတွင် တစ်ပါးသူကို ချစ်ခင်တတ်၊ ယုံကြည်အားကိုးတတ်သောစိတ်သည် မိဘနှင့်တွေ့ထိရာမှ စတင်ပေါက်ဖွားလာလေသည်။ မိဘက ယုယကြင်နာမှု ပေးနိုင်လေလေ၊ ကလေးမှာ မိဘကိုသော်လည်းကောင်း၊ အခြားသူများအပေါ်ကိုသော်လည်းကောင်း ချစ်ခင်ယုံကြည်မှုစိတ်ဓာတ် ပွားများနိုင်လေလေဖြစ်၏။

မိဘမေတ္တာကို အပြည့်အဝ မခံယူရသော ကလေးသည် ကြီးပြင်းလာသည့်အခါ လူမှုဆက်ဆံရေးတွင် အံမဝင်ခွင်မကျဖြစ်တတ်လေသည်။ မည်သူ့ကိုမျှ ယုံကြည်စိတ်ချတတ်မှုမရှိ။ မည်သည့်အတွက်ကိုမျှ အနစ်နာခံလိုစိတ်မရှိ။ ပေါင်းသင်းရေးတွင် မဝင်ဆံ့ဘဲ ရှိနေတတ်ပေ၏။ မိဘက မေတ္တာအပြည့်အဝနှင့် ပြုစုရေးဆိုသည်မှာလည်း ပစ္စည်းတစ်ခုကို ပေးချင်ပါလျက် ကိုယ့်မှာမရှိဘဲ၊ မပိုင်ဆိုင်ဘဲ မပေးနိုင်သကဲ့သို့ ထိုမိဘသည် ငယ်စဉ်က မိမိကိုယ်တိုင် မှုမှန်သော မေတ္တာကို ပေးနိုင်ခဲ့သော မိဘလက်အောက်ကြီးခဲ့ရလျှင် မိမိသားသမီးများကိုလည်း မှုမှန်မှန်နှင့် ချစ်ခင်တတ်ပေသည်။ ဆိုလိုရင်းမှာ မေတ္တာကို ခံယူခဲ့ရသော သားသမီးသာလျှင် မိမိက မွေးဖွားသော သားသမီးကို မေတ္တာတစ်ဆင့် ပေးကမ်းနိုင်မည် ဖြစ်ပေ၏။

ဤနေရာတွင် မိခင်နှင့်ဖခင်မှာ လူပုဂ္ဂိုလ်နှစ်ဦးဖြစ်၍ သားသမီးပြုစု ပျိုးထောင်ရာတွင် နှစ်ဦးစလုံး တာဝန်ရှိသည်ကို သတိပြုစေလိုပါသည်။ မိဘနှစ်ဦး အကြောင်းပါရာတွင် နှစ်ဦးစလုံးသည် မေတ္တာခေါင်းပါးနေသူများ မဖြစ်နိုင်ပေ။ ထို့ကြောင့် လိမ္မာတတ်သိသော မိဘတစ်ဦးဦးက တစ်ဦး၏ဟာကွက်ကို ဖြည့်စွက်ပေးရမည်။ ဥပမာအားဖြင့် ဖခင်သည် သားသမီးများအပေါ်တွင် ချစ်ခင်ယုယမှု ခေါင်းပါးသည်၊ အတ္တ သဘောနှင့် ဆက်ဆံသည် စသော အပြစ်မျိုးကိုတွေ့လျှင် မိခင်က နှစ်ဆတိုး၍ ချစ်ခင်ယုယပါ။ ဖခင်ကိုလည်း သားသမီးအပေါ် ငြိုငြင်ရပါမည်လားဟု ကိုယ်ကပါ လင်ကို မုန်းတီးလိုက်လျှင် မိဘလက်ထက်ကမှ မေတ္တာမခံယူခဲ့ရသော လင်ယောကျ်ားသည် ဇနီးသည်ထံမှလည်း မေတ္တာမခံယူရလျှင် ပိုမို၍သာ အခြေအနေဆိုးလာဖွယ်ရာ ရှိပေသည်။

တစ်ခါတစ်ရံ လင်နှင့်မယား အိမ်ထောင်ပြုခါစတွင် အဆင်ပြေပြီး သားသမီးရခါမှ

mgyoe.com 

တကျည်ကျည်တကျက်ကျက်ဖြစ်ရသည်ကို တွေ့ရပေသည်။ အကြောင်းကို ရှာသော အခါ မိခင်သည် ကလေးကိုသာ ဂရုတစိုက်လုပ်နေခြင်း၊ အချိန်ရှိသမျှ ကလေးဝေယျာ ဝစ္စကို ဆောင်ရွက်နေခြင်းကြောင့် ခင်ပွန်းသည်မှာ ကလေးကြောင့် လျစ်လျူရှုခံနေရ သလိုဖြစ်ပြီး ကလေးငိုလျှင် ငိုရမည်လား၊ ဆူလျှင် ဆူရမည်လား စသည့် အပြစ်ရှာမှု ကြောင့် အိမ်ထောင်မသာမယာ ဖြစ်တတ်လေသည်။ အိမ်ထောင်မသာမယာသောအခါ လူကြီးမိဘများသာ ခံစားရသည်မဟုတ်၊ ထိုအိမ်ထောင်တွင် ကြီးပြင်းရသော ကလေး၏ စိတ်ဓာတ်ကိုလည်း ထိခိုက်လာတတ်ပေသည်။

စာဖတ်သူအချို့က မိဘဆို သားသမီးကို မုန်းသည်ဟုဆိုထုံးမရှိပါဟု စောဒက တက်ကောင်းတက်ကြပေလိမ့်မည်။ တစ်ချိန်တည်းတွင်ပင် သားသမီးပြဿနာကြောင့် ရန်မစဲရသော အိမ်ထောင်သည်များကလည်း ဟုတ်ပါသည်၊ ရှိပါသည်ဟု ဝန်ခံနေကောင်း နေပေမည်။

အမျိုးသမီးတစ်ဦးက မိမိလင်ယောကျ်ားသည် မိမိတို့ရင်၌ဖြစ်သော သားငယ် သမီး ငယ်ကလေးများကပင် အပြစ်တစ်ခုခု သို့မဟုတ် မတော်တဆပြုလုပ်မိတိုင်း ကျွဲရိုက် နွားရိုက် ရက်စက်စွာရိုက်တတ်၍ မိမိမှာ မျက်ရည်စက်လက်နှင့် နေရကြောင်း ပြောပြဖူး ပါသည်။ မျက်မြင်သာဓကလည်း များစွာရှိပါသည်။

အချို့အိမ်ထောင်ရှင် အမျိုးသမီးများသည် ကလေးများကို မွေးသာထားသော်လည်း စိတ်ဓာတ်ရေး၊ စာရိတ္တရေး ပြုပြင်ရကောင်းမှန်းမသိ။ ကလေးက ဘာသာဘာဝ ကြီးပြင်း လာရသည်။ တစ်ခါတစ်ခါ လင်မယားရန်ဖြစ်သည့်အခါ ကလေးများကို မဲရိုက်တတ်သူ၊ အိမ်နီးချင်းစောင်းချိတ်ပြီး ကိုယ့်ကလေးကို ရိုက်နှက်သူတွေလည်း ရှိကြသည်။

လင်မရှိသည့်အခါ မယားသည် နေချင်သလိုနေ၊ ထိုင်ချင်သလိုထိုင်ပြီး လင်မသိစေ ချင်သည့်အမှု ပြုမိသည့်အခါ အဖေလာလို့ ဘယ်လိုမေးရင် ဘယ်လိုပြောဟု လိမ်ခိုင်း ညာခိုင်းသည့် မိခင်များ၊ မယားမကြိုက်သည့် အပြုအမူလုပ်ပြီး ကလေးသိသွားလျှင် ညာခိုင်းသည့် ဖခင်များလည်း ရှိကြလေသည်။

အချို့မှာ ကလေးကို ကလေးဟု သဘောမထား၊ ကလေး၏စိတ်ဓာတ်နှင့် အင်္ဂါ အစိတ်အပိုင်း ဖွံ့ဖြိုးလာပုံကို ကြိုးစားမလေ့လာဘဲ ကလေးကို အရွယ်နှင့်မလိုက် သင် ကြားခိုင်းစေကာ မဖြစ်မြောက်သည့်အခါ နာကြည်းစွာ ရိုက်နှက်ခြင်း၊ ဒဏ်ပေးခြင်းများ ပြုလုပ်တတ်ပေသေး၏။ ထိုထို ကိစ္စများတွင် အမှားအမှန်ဆင်ခြင်နိုင်စရာ ရှေ့တွင် ကလေး၏ စိတ်ဓာတ်နှင့် စာရိတ္တပြုစုပျိုးထောင်နည်းများ၏ အခန်းများတွင် ဆက် လက်ဖော်ပြသွားပါမည်။ ။

mgyoe.com

mgyoe.com

## [ ၄ ] အကျင့်ကောင်း ပြုစုပျိုးထောင်နည်း

လူကြီးများက ကလေးများနှင့် ဆက်ဆံရာတွင် တို့လည်း ငယ်ရာက ကြီးလာတာပါကွယ် လို့ မကြာခဏ ဝါကြွားတတ်ကြသော်လည်း လူကြီးမိဘများသည် ငယ်စဉ်တောင်ကျေး အကလေးဘဝက မိမိတို့ချမ်းသာစွာ ခံစားခဲ့ရသည့် အတွေ့အကြုံကလေးများကိုသာ သတိရတတ်ပြီး အခက်အခဲနှင့် ရင်ဆိုင်ရပုံ၊ စိတ်ပင်ပန်းနွမ်းနယ်ခဲ့ရပုံများကိုကား အခါ ခပ်သိမ်း သတိမရနိုင်ကြချေ။

ကလေးများ မွေးစကစပြီး အခါလည်အထိ သူတို့အလိုကျ သူတို့ဆန္ဒကို လူကြီး မိဘများက သာမန်အားဖြင့် လိုက်လျောရသည်ချည်းဖြစ်ပေသည်။ အခါလည် ကျော်လာ လျှင် ကလေးမှာ တိုက်ခိုက်ကြိုးပမ်းစ ပြုလာရတော့၏။ သူ၏အပြုအမူ၊ အပြောအဆို၊ အနေအထိုင်များကို သူ့ပတ်ဝန်းကျင်ရှိ ယဉ်ကျေးမှုထုံးတမ်းက တောင်းဆိုသလို အံဝင် ခွင်ကျအောင် သင်ကြားလေ့လာရရှာလေပြီ။ စကားပြောရန် သင်ယူလေ့ကျင့်ရခြင်း၊ ဆီး သွားဝမ်းသွားရာတွင် လူကြီးများသင်ကြားသလို လိုက်လုပ်ရခြင်း၊ စားနည်း၊ သောက်နည်း၊ ဝတ်နည်း၊ ဆင်နည်းပါမကျန် လူကြီးများအကြိုက် လိုက်နာဆောင်ရွက်ရရုံမျှမက မိမိကိုယ် ကို လမ်းလျှောက်တတ်ရန် မလဲမပြိုရန် တိမ်းရှောင်ခြင်း စသော တာဝန်များ ထမ်းဆောင် ရွက်ကြရရှာသည်။

ကလေးငယ်များကို စောင့်ကြည့်လေ့လာလျှင် အိုးပေါ်ခွက်ပေါ်တွင် ဆီးဝမ်းသွား ရန် ခိုင်းစေမရသူများ၊ လူကြီးများရှေ့တွင် ငြိမ်ငြိမ်နေအောင် ထိန်းမရသူများ၊ လမ်း ဘက်အိမ်ပြင်မသွားအောင် တားမြစ်ချုပ်ချယ်၍ တော်တော်နှင့်မရခြင်း၊ အိမ်ထောင်မှု ပရိဘောဂအပေါ် တက်မခုန်အောင်ပြောဆိုလျှင် မနှစ်သက် မနာခံခြင်းများ တွေ့ရတတ် လေသည်။ ထိုကိစ္စများမှာ ကလေးများအဖို့ သူတို့လွတ်လပ်မှုကို တားဆီးပိတ်ပင်ခံရ

mgyoe.com

ခြင်းပင် ဖြစ်သဖြင့် ဟန့်တားရန် မလွယ်ကူတတ်ပေ။ ဤအချိန်တွင် မိဘက သင်ကြား ဖျောင်းဖျမှု တော်ပါမှ၊ မတော်လျှင် ကလေး၏နောင်ရေးတွင် မလိုလားအပ်သော အကျင့်များ ဖြစ်လာတတ်လေ၏။

တစ်ခါတစ်ရံ မြန်မာလူမျိုးများအဖို့ ကလေးပဲ၊ ဘာသိတတ်တာလိုက်လို့ စသဖြင့် အမှုမဲ့ အမှတ်မဲ့ လူကြီးများက ကလေးကို အနိုင်ယူလိုက်လေသည်။ ထိုအမှုမဲ့ အမှတ်မဲ့များကို ကြိမ်ဖန်များစွာ ပြုလုပ်လိုက်သည့်အခါ ကလေးစိတ်တွင် အရာထင်ပြီး အစဉ်အရိပ်ပမာ တစ်သက်တာတွင် လွှမ်းမိုးလာတတ်ပေသည်။

အမှန်စင်စစ် လူသည် မွေးစက တစ်နှစ်အထိ ဘာမျှမလုပ်နိုင်မကိုင်နိုင်သူများ၊ ကျွေးမွေးမှ အသက်ရှင်ရမည့်ဘဝသာ ဖြစ်ပေသည်။ တစ်နှစ်ကျော်သွားသည့်အခါ ကလေးကလည်း တတ်အားသမျှ အစွမ်းထုတ်ရသလို မိဘကလည်း ကလေးကို လူ့ဇာတ်သွင်းရတော့သည်။ လူလိုစား၊ လူလိုသွား၊ လူလိုနေ၊ လူလိုထိုင် စသည်တို့မှ အားလုံးကို တစ်စတစ်စ တိုးတက်ကာ သင်သွားရသည်။

ထိုအချိန်ကစပြီး မြန်မာလူမျိုးဖြစ်လျှင် မြန်မာ့ယဉ်ကျေးမှု၊ လူမှုရေးစနစ်နှင့် ကိုက်ညီအောင် တစ်ခါတည်း သွန်သင်ရပေတော့၏။

ထိုသို့ ကလေးကို ကိုယ့်လူမျိုးအလိုက် ဇာတ်သွင်းရေးကိစ္စတွင် အထူးသတိပြုစရာ အချက်နှစ်ချက် ရှိပေသည်။

ပထမအချက်မှာ ကလေးမလုပ်နိုင်သည့်ကိစ္စများကို အတင်းအကျပ် လုပ်ကိုင်ရန်ကို မစေခိုင်းမိရန် သတိပြုရပေမည်။

ဥပမာအားဖြင့် ကလေး၏ လက်ချောင်းကလေးများသည် အချိန်တန် အရွယ်ရောက်မှ ထမင်းလုတ်ကလေး တစ်လုတ်ကိုပင် နိုင်အောင် ဆုပ်နိုင်မည်၊ ပါးစပ်ကို တည့်တည့်မတ်မတ် သွင်းတတ်ပေမည်။ သူ့အရွယ်၊ သူ့အရှိန်နှင့်သူ မှောက်မည်၊ ထိုင်မည်၊ ရပ်မည်၊ လမ်းလျှောက်မည်ကို နားလည်ထားရပေမည်။ ယေဘုယျအားဖြင့် ကလေးများ ဖွံ့ဖြိုးကြီးမား သန်မာလာပုံမှာ အချိန်အသက်တူကြမည် ဖြစ်သော်လည်း အချို့ကလေးများက သူများထက်သွားပေါက်စောသည်၊ နောက်ကျသည်၊ စကားပြောစောသည်၊ နောက်ကျသည် စသောကိစ္စကလေးများ ရှိတတ်လေသည်။ ထိုသို့ မပြောပလောက်သော ခြားနားချက်များမှာ ကလေး၏ တစ်သက်တာ ကျန်းမာဖွံ့ဖြိုးရေးကို ဘာမျှ မထိခိုက်နိုင်ချေ။

မိဘများသတိပြုရမည်မှာ သူများကလေး တစ်လနှင့် ခေါင်းထောင်သည်ကို ကိုယ့်ကလေးလည်း ဤသို့ဖြစ်ရမည်။ သူများကလေး ခုနစ်လမှ လူငုတ်တုတ်၊ သွားငုတ်

mgyoe.com

mgyee.com
တုတ် ဖြစ်နေသည်၊ ကိုယ့်ကလေးလည်း ထိုင်ရမည်ဟူသော လေ့နံစားထစ်မှတ်ထားရန် မလိုပေ။ ကလေးသည် ထူချိန်ထချိန်တွင် သူ့ဘာသာ ကြိုးပမ်းမှုများ ပြုလုပ်လာမည်။ ထိုအခါ ဖေးမကူညီပေးတန်ပေး၊ အဝေးမှနေ၍ မလဲမပြိုရန် စောင့်ရှောက်တန်စောင့်ရှောက် ပြုလုပ်ပေးရပေလိမ့်မည်။

ကလေးသည် သူ့ကျန်းမာသန်စွမ်းမှုအင်အားအရ သူ့နှုန်းနှင့်သူ ကြိုးပမ်းလာမည်သာဖြစ်ပေသည်။ ကလေးမလုပ်နိုင်သေးသမျှကို အတင်းသင်မပေးမိရန် သတိပြုရပေမည်။

ဒုတိယအချက်မှာ ကလေးစိတ်ကို ညှိုးငယ်အောင် မဖန်တီးမိဖို့ပင် ဖြစ်လေသည်။ ကလေးစိတ်ထဲတွင် မိဘက ငါ့ကိုချစ်ခင်ယုယမှုမရှိ၊ ငါမလုပ်တတ်လျှင် ငါ့ကိုဆူသည်၊ ရိုက်သည်၊ ငြိုငြင်သည်ဟူသော ယူဆချက်များ မဖြစ်ပေါ်စေလိုပေ။ သူတို့စိတ်ကလေးသည် ဖြူစင်နုနယ်သဖြင့် တက်သစ်စ အညွန့်ကလေးများကို ချိုးပစ်သကဲ့သို့ပင် ဖြစ်ပေမည်။

အချို့ မြန်မာမိခင်များ လုပ်တတ်သေးသည်။ ကလေးကို မတန်သည့်ကိစ္စ ခိုင်းပြီး မဖြစ်လျှင် "ဒါကလေးတောင် မလုပ်တတ်ဘူး၊ ဖျင်းကိုဖျင်းတယ်၊ ဒါလောက်ကလေးများ မောနေရသေးလား၊ အသုံးကိုမကျဘူး၊ ငါသတ်ပစ်လိုက်မယ်" စသော အဆူအပူ အကြိမ်းအမောင်းများ ပြုလုပ်တတ်ကြ၏။ ထိုသို့ ကြိမ်းမောင်းခြင်း၊ ကြမ်းတမ်းသော မျက်နှာအမူအရာနှင့် ဝေါက်ငမ်းခြင်းမှာ ကလေးစိတ် ကျပ်ပြည့်တင်းပြည့် ဖွံ့ဖြိုးရေးကို အဟန့်အတား၊ အဆိပ်အတောက်ဖြစ်သည်ကို သတိပြုရပေမည်။ ကလေးကို စိတ်ရှည်ရှည်နှင့် ဖေးမကူညီ လမ်းပြရပေမည်။ သူတို့လုပ်နိုင်သည့် ကိစ္စကလေးများ ပြုလုပ်အောင်မြင်သည့် အခါလည်း အားတက်လာရန် ချီးကျူးပေးရမည်။ အကယ်၍ ကြိုးပမ်းလျက်မဖြစ်သည့်အခါ၊ မတော်တဆ ဖြစ်သည့်အခါ မိဘက ချစ်ခြင်းမေတ္တာအပြည့်နှင့် ခွင့်လွှတ်မှုကို ကလေးသိအောင် ဖော်ပြရမည်။ သို့မှသာ ကလေးသည် မိဘက မိမိတို့အပေါ် ထားရှိသော မေတ္တာထုထည်ကို နားလည်လာပြီး စိတ်ထားမွန်မြတ်မှု အလိုလို ကူးစက်လာနိုင်ပေသည်။

ကလေးကို ရိုက်သင်မှ လိမ္မာမည်ဟု ယူဆထားသော မိဘများက စောဒကတက်ရန်များစွာရှိပေသည်။ အကယ်၍ ကလေးက ပွက်ပွက်ဆူနေသည့် ရေနွေးအိုးထဲတွင် လက်နှိုက်တော့မည်ဆိုလျှင် ထိုလက်ကလေးကို နာနာရိုက်မပေးဘဲ ဖြစ်ပါမည်လားဟုမေးပေမည်။ အမှန်စင်စစ် ငယ်ရွယ်၍ မသိတတ်သော ကလေးများအား ကျနိုင်သည့်နေရာတွင် မထားခြင်း၊ လောင်တတ်သည့်၊ ပူတတ်သည့် ပစ္စည်းများ အနီးအနားတွင် မရှိစေ
mgyee.com

ခြင်း၊ စူးတတ်ရှတတ်သည့် ပစ္စည်းကို မပေးရုံမက ဆွဲချနိုင်သည့် နေရာတွင်ပင် မရှိစေခြင်းသည် မိဘတို့တာဝန်ပင် ဖြစ်ကြောင်း ဖော်ပြလိုပေသည်။ ဘေးမကင်းသည့် အခြေအနေကို ဖန်တီးပေးထားခြင်းဖြင့် တာဝန်ပိုသည်။ ဖြေရှင်းနည်းမမှန်လျှင် အခြေအနေကို ပို၍ရှုပ်ထွေးစေလေသည်။

တစ်ခါတစ်ရံ လက်တွေ့ပြသရမည့် ကိစ္စကလေးများရှိ၏။ ဥပမာ ကလေးသည် မီးထွန်းညှိထားသော ဓာတ်မီးလုံးကို ကိုင်တွယ်ရန် ကြိုးစားနေအံ့၊ ကလေးအား မီးလုံးသည် ပူတတ်သည်ကို မကိုင်နှင့်ဟုပြောပါ။ အကယ်၍ ကလေးက ထိုမီးလုံးကိုကိုင်ရန် ကြိုးစားနေလျှင် သူ့လက်ညှိုးတစ်ချောင်းကိုယူပြီး တကယ်ပူသည်ကို သိရန် အန္တရာယ်မဖြစ်စေရုံ ပူကြောင်းသိအောင် သူ့လက်ကို လူကြီးလက်နှင့် ကိုင်ပြီးတို့ပြလိုက်ပါ။ တကယ်ပူ၍ မိဘက တားမြစ်ကြောင်းနားလည်မည့်ပြင် မိဘသည် အန္တရာယ်ကို ကြိုတင်မြင်တတ်သောသူ ဖြစ်ပါတကားဟု ယုံကြည်ကိုးစားစိတ် တိုးတက်လာပေမည်။

ကလေးများအား ကိုယ့်ခွန်အားကို ယုံကြည်ကိုးစားတတ်အောင် သင်ကြားရာ၌ တစ်ဆင့်နှင့်တစ်ဆင့် တိုးတက်သင်ကြားပြသရာတွင် အစွမ်းလေးဖက်ကိုရှောင်၍ မချွတ်မပျက် ပဋိပဒါကျအောင် သွန်သင်ရာ၏။

အစွမ်းလေးဖက်ဆိုသည်မှာ–

(၁) ယုယမှုနှင့် အကာအကွယ်ပေးလွန်းခြင်း

(၂) လျစ်လျူရှုလွန်းခြင်း

(၃) အာဏာရှင်ဆန်လွန်းခြင်း

(၄) အလျှော့ပေးလွန်းခြင်းတို့ ဖြစ်ပေ၏။

အထက်ပါအတိုင်း အစွန်းလေးမျိုးကိုရှောင်ပြီး မလျော့မတင်း ကျင့်ကြံကြရပေမည်။

မိခင်နှင့်ဖခင် နှစ်ဦးရှိရာတွင် အမိသည် အလွန်ယုယလွန်းခြင်းကို တွေ့ရတတ်လေသည်။ မိခင်က ကလေးအပေါ် အယုယလွန်ခြင်းမှာလည်း အကြောင်းမဲ့မဟုတ်ပေ။ ခိုင်လုံသော အကြောင်းများရှိတတ်လေသည်။ တစ်ခါတစ်ရံ ထိုအကြောင်းများသည် စုပေါင်းဖြစ်ပေါ်တတ်သော်လည်း တစ်ခါတစ်ခါလည်း အကြောင်းကြောင်းကြောင့် ဖြစ်ပေါ်တတ်သေး၏။

ထိုအကြောင်းတို့ကား–

(၁) အိမ်ထောင်ပြုပြီး ကလေးနှစ်ပေါင်းများစွာ မရဘဲကလေးအလွန် လိုချင်တောင့်တပြီး နှစ်ကြာမှ ရသည့်အခါ၊ သို့မဟုတ် ကလေး အဖတ်မတင် ဖန်များပြီး တစ်ယောက်တလေ အဖတ်တင်သည့်အခါ၊ သားကောင်းမမွေး

mgyoe.com

mgyoe.com

ဘဲ သားပျက်တတ်ပြီး တစ်ယောက်လောက်သာ သားကောင်းရသည့်အခါ မိခင်သည် သားကို အရူးအမူး ချစ်ခင်အလိုလိုက်တတ်လေသည်။

(၂) အိမ်ထောင်ရေးအဆင်မပြေသော အမျိုးသမီးများသည် ကလေးကို အလွန်အမင်း ယုယကာကွယ်တတ်သေး၏။ အိမ်ထောင်ရေး အဆင်မပြေဆိုရာ၌ မိမိခင်ပွန်းနှင့် အိမ်ထောင်သည်၏သုခ အပြည့်အဝမခံစားရခြင်း၊ ယောက်ျားနှင့် စိတ်သဘောချင်းမတိုက်ဆိုင်၍ နေထိုင်ရေးအဆင်မပြေခြင်း စသည်တို့ကြောင့် စိတ်မကျေနပ်ဖြစ်နေသည့်အခါ ယောက်ျားနှင့် ပွင့်ပွင့်လင်းလင်း သာသာယာယာ မနေနိုင်ခဲ့သမျှ ကလေးအပေါ်တွင် မေတ္တာအစားထိုးကာ ဖြေဖျောက်ရင်း အယုယလွန်သွားတတ်လေသည်။

(၃) မိခင်၏ ငယ်စဉ်က ဘဝဖြစ်စဉ်၏ လွှမ်းမိုးချက်လည်း ဖြစ်တတ်သေး၏။ မိခင်၏ဘဝဖြစ်စဉ်မှာ ငယ်စဉ်က ချစ်ခင်ကြင်နာမှု မခံခဲ့ရသူလည်း ဖြစ်နိုင်၏။ သို့မဟုတ် အရွယ်နှင့်မလိုက် အိမ်ထောင့်တာဝန်များ ထမ်းဆောင်ခဲ့ရသူလည်း ဖြစ်နိုင်လေသည်။ သူမခံစား မစံစားရသော သုခချမ်းသာမျိုး သူက ကလေးအပေါ် ပေးနိုင်ပါသည်၊ မေတ္တာထားပြမည်ဟူသော သဘောဖြင့် တန်ပြန်ခြင်းဟုလည်း ခေါ်ဆိုနိုင်ပေ၏။ အမှန်စင်စစ် ဤသို့ ချစ်နည်းမျိုးသည် မေတ္တာစစ် မေတ္တာမှန်မဟုတ်၍ ကလေးကို ကောင်းကျိုး မပြုနိုင်ပေ။

သုတေသနပြု၍ လေ့လာခဲ့ကြသော သိပ္ပံဆရာများ၏ တင်ပြချက်အရ ညှဲ့ဖျင်းသော မိဘက ပေါက်ပွားသောသားသမီးသည် သူတို့ကြီးပြင်းလာသောအခါ ၎င်းတို့ သားသမီးများအတွက် မိဖျင်း၊ ဘဖျင်းများသာ ဖြစ်နိုင်သည်။ သံသရာစက်ဝိုင်းကဲ့သို့ လည်နေသည်ဟု ဆိုလေသည်။ နောက်ဆုံး စိတ္တဗေဒဆရာများနှင့် ကုသခံရပြီး ပျောက်ကင်းသည့်အဆက်မှသာ ပျောက်ကင်းချမ်းသာနိုင်၏ဟု ဖော်ပြထားသည်ကို တွေ့ရပေ သည်။

မြန်မာတို့တွင်လည်း ဘအမျိုးဘိုးတူ ချိုကလေးနှင့်ဟု ခနဲ့ပြောသံများ၊ လူ့အမျိုးကြက်အရိုးဟူသော စွပ်စွဲသံများ ကြားဖူးပေမည်။ အမှန်မှာ ငယ်စဉ်က မြင်တွေ့ထိသိခံစားရသမျှတို့သည် သားသမီးများတွင် အစွဲပါသွားပြီး အခါအခွင့် ကြုံလာသည့်အခါ အလေ့အထ အစွဲအတိုင်း ကျင့်ကြံမိသည်သာ ဖြစ်၏။ ထို့ကြောင့် လူဆိုးလူတေ လူ့ခွစာကလေးများ၊ ခေတ်နှင့်အံမဝင်ခွင်မကျသူကလေးများသည် ခေတ်အဆက်ဆက်တွင် ရှိနေနိုင်သေးခြင်းပင် ဖြစ်ပေ၏။ ။

mgyoe.com

mgyoe.com

## [၅] အယုယလွန်ခြင်း၏ အပြစ်များ

အယုယလွန်ခြင်းဆိုသည်မှာ အဘယ်နည်း။ အယုယလွန်သော မိခင်များ ဘယ်လို ကျင့်သုံးတတ်သနည်း။

(၁) မိခင်သည် ကလေးဝမ်းက ကျွတ်သည်မှအစ မတ်တတ်ပြေးကာ ကြီးကောင်ကြီးမားဖြစ်သည်အထိ အမြဲအတူ အိပ်ခြင်း၊ မျက်စိအောက်က အပျောက်မခံနိုင်၊ ခွဲမနေနိုင် စသည့် အမူအရာ အသုံးအနှုန်းတို့ဖြင့် ကလေးကို ရင်ဝယ်ပိုက်ထားခြင်း။

(၂) မိခင်သည် ကလေးနို့ဖြတ်ချိန်ကို ဖြတ်မပေးဘဲ၊ ကလေးလုပ်တတ်သည့် ကိစ္စကလေးများပင် မလုပ်စေဘဲ ကြီးပြင်းသည်အထိ ထမင်းခွံ့ပေးခြင်း၊ ရေချိုးပေးခြင်း၊ အဝတ်ဝတ်ပေးခြင်း၊ ကလေးကို အရုပ်ကလေးများသဖွယ် ဆင်ပြင်ပြီး အရိပ်ကြည့်နေတတ်ခြင်း။

(၃) ကလေး စားချင်သည့်အစာကို ရွေးမစားရ၊ ကလေးကစားချင်သလို မကစားရ၊ နေချင်သလို မနေရခြင်းအားဖြင့် ကလေးမှာ မိမိဘာသာ အမှားအမှန်မဆုံးဖြတ်တတ်ဘဲ ဖြစ်နေတတ်သည်။ ကလေးများသည် ပြေးလွှားကစားရင်း လဲကျလျှင်လည်း ကိုယ့်ကိုယ်ကိုယ် ဖေးမ ထရခြင်းစသည့် ကိစ္စများပြုလုပ်မှ သူတို့နှင့်ထိုက်တန်သည့် ဗဟုသုတ အမှားအမှန်များကို လက်တွေ့ပညာရနိုင်မည်ကို လက်တွေ့ ရှာခွင့်မပေးဘဲ ထားခြင်း။

(၄) မိခင်သည် ကလေးငယ်စဉ်ကမှု ယုယပိုက်ထွေးကာ သူထင်တာ လုပ်၍ ကလေးကခံနေသည်ကို တွေ့ရ၏။ ကလေးက အသက်

mgyoe.com

mgyoe.com

အရွယ်အလိုက် ဉာဏ်ပညာရော ကာယအင်အားပါ ဖွံ့ဖြိုးလာသည့် အခါ သူထားတိုင်းမနေ၊ သူပြောတိုင်းမလုပ်တော့ပေ။ ထိုအခါ အယုအယလွန်သော မိခင်သည် အာဏာရှင်ဆန်ဆန် ကျင့်ကြံလာခြင်း သို့မဟုတ် ကလေးအလိုအားလုံး လိုက်လျောရခြင်း။

အထက်ပါတို့သည် အယုယလွန်လွန်းသော မိခင်တို့ ပြုလုပ်ဆောင်ရွက်မြဲ ကိစ္စများပင်ဖြစ်သည်။

အယုယလွန်သောအခါ ကလေး၌ထင်သော အကျိုးအပြစ် အခြေအနေများကို ဆက်လက်ဖော်ပြသွားပါမည်။

ကလေးကို ယုယမှု၊ အကာအကွယ်ပေးမှု လွန်ကဲနေသည်ဆိုရာတွင် အလိုလိုက်လွန်းအားကြီးမှုလော၊ အချုပ်အချယ်လွန်ခြင်း၊ ဩဇာပေးလွန်းခြင်းလော စသည်တို့ကို ရှေးဦးစွာ ခွဲခြားသိဖို့ လိုပေသည်။

အလိုလိုက် လွန်ကဲနေလျှင် ကလေးသည် အောက်ပါအချက်အလက်အတိုင်း ဖြစ်လာနိုင်ပေသည်။

(၁) အလွန်တစ်ကိုယ်ကောင်းဆန်တတ်၍ လိုချင်လျှင် ချက်ချင်းရရမည်ဟူသော သဘောဆန္ဒနှင့် ဘယ်သူသေသေ ငတေမာပြီးရောဟူသော သဘောသက်ဝင်နေတတ်၏။

(၂) ဘဝအဆင်မပြေမှုတွေ့လျှင် အလွန်သေးငယ်သည့် ကိစ္စပင် ဖြစ်စေကာမူ မခံမရပ်နိုင် ဖြစ်တတ်၏။

(၃) သူ့အား အရေးပေးခြင်း မပြုလျှင် သာမန်ကိစ္စကလေးပင် ဖြစ်လင့်ကစား သည်းမခံနိုင်ဖြစ်တတ်၏။

(၄) သူ့အား ညွှန်ကြားခိုင်းစေသည့်အခါ အဆင်ပြေအောင် မဆက်ဆံတတ်ဘဲ ဖြစ်တတ်၏။

(၅) သူထင်ရာလုပ်တတ်၍ သူလုပ်မှ မှန်သည်ဟု ထင်မှတ်တတ်၏။

(၆) လူမှုဆက်ဆံရေး ပြေပြစ်မှု၊ ယဉ်ကျေးစွာ ပြုမူပြောဆိုကျင့်ကြံမှုတို့ကို အလေးဂရုမပြုဘဲ နေတတ်၏။

(၇) ဘာကိုပင် ဆောင်ရွက် ဆောင်ရွက် ထိုလူမျိုးမှာ အခက်အခဲနှင့် ရင်ဆိုင်ရသလို သူ့အတွက် အမြဲအဆင်မပြေဖြစ်နေတတ်၏။

(၈) အငြိမ်မနေနိုင်သည့်ပြင် လုပ်ကိုင်ဆောင်ရွက်ရာတွင်လည်း မသေမသပ်ရှိတတ်သည်။

mgyoe.com